မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ၂၀၀၇ခုနှစ်၊ မေ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ်(၂၃၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ကြိုဆို

ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် နေပြည်တော်လေဆိပ် ဧည့်ခန်းမ၌ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား ခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗွီစီဒီတို့ကို လက်ဆောင်အဖြစ်ပေးအပ်သည်။***စာမျက်နှာ ၃ ကော်လံ ၁*** ●

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်
Established 1914

အယ်ဒီတာ့အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၂၄ ရက်)

စိုက်ပျိုးရေများကို ထိရောက်စွာအသုံးပြု လယ်ယာကဏ္ဍ ထုတ်ကုန်တိုးတက်ရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားသောစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံ ၁၉၉ ခု၊ မြစ်ရေတင် ၃၀၅ ခုနှင့် မြေအောက်ရေရရှိရေးအတွက် ရေတွင်းပေါင်း ၇၅၆၉ တွင်းတို့ကို အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေရရှိရေး၊ ရေဘေးကာကွယ်ရေးနှင့် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ရေကြီးရေနက်ကွင်းများကို ရေတော်၊ မိုးတော် လယ်မြေများအဖြစ် ဖော်ထုတ်စိုက်ပျိုးနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိသည်။

စိုက်ဧကများ အထွက်နှုန်းတိုးတက်လာရေး၊ တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှသည် သုံးသီးစားဖြင့် သီးနှံစိုက်စွမ်းအားများ တိုးတက်လာပြီး ဒေသခံတောင်သူများ ဝင်ငွေတိုးတက်လာစေရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးလျက် ရှိသည်။

ထို့ပြင် ပြည်ပပို့ကုန်အတွက် အားထားရသည့် စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင်ရော်ဘာတိုးချဲ့စိုက်ပျိုးရေးနှင့် အမယ်သစ်သီးနှံများဖြစ်သည့် ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက်၊ ချင်း၊ ကြက်သွန်သီးနှံများ တိုးတက်စိုက်ပျိုးနိုင်ရေးအတွက်လည်း အားပေးကူညီလျက် ရှိသည်။

နိုင်ငံတကာဈေးကွက်၌ အကျိုးအမြတ်ရရှိနိုင်မည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပညာပေးလျက်ရှိသည်။

ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးထားသော စိုက်ပျိုးရေများကို ထိရောက်စွာအသုံးပြုပြီး လယ်ယာကဏ္ဍ ထုတ်ကုန်တိုးတက်မြင့်မားလာစေရေးအတွက် တောင်သူလယ်သမားများနှင့် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယဗိုလ်မှူးကြီး အောင်မြင့် ခြောက်နှစ်ပြည့်အား ရည်စူး၍ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဦးဝိစာရရိပ်သာ တိုက် ၁၅ အခန်း ၁၇ နေ ဒေါ်စောတင်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါ လမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပျဉ်းမနား ရွှေချီရပ်ကွက် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်ကြည့်ရှုအားပေး၊ လမ်းပြုပြင်ရန်ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၂၃

နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၆နာရီက ပျဉ်းမနားမြို့ပေါ် ရပ်ကွက်

များဖြစ်သည့် မင်္ဂလာ၊ ရွှေချီ၊ ရန်အောင် (၁)၊ ရန်အောင်(၂)၊ ရွာကောက်၊ ကင်ပွန်းတန်း၊ တောင်သာ၊ ယောက်သွားအင်း၊ ဥယျာဉ်စု၊ ကံဦး အစရှိသော ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့ဝင် အင်အား ၅၂၄ ဦးတို့သည် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ အမှတ်(၁) လမ်းနှင့်(၆)လမ်းအကြား အုတ်တံတားလမ်းဘေး ဝဲ/ယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အမှိုက်များ၊ ပလတ်စတစ်အိတ်များ၊ ရွှံ့ညွှန်များဆယ်ယူခြင်း၊ စွန့်ပစ်ခြင်းလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** တိုင်းမှူးက ရေမြောင်းများ၊ လမ်းများ ပြန်လည်ကောင်းမွန်အောင် ပြုပြင်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးမြစ်ကူးတံတား (ကဝ) စီမံကိန်းလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီးဗိုလ်ချုပ်စောထွန်း စစ်ဆေး

ရန်ကုန် မေ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၁ ရက် နံနက်ပိုင်းက အင်းတကော်–ထုံးကြီး–ကဝ လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ပဲခူးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မိုးတွင်းကာလ လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းထားမှုများကို စစ်ဆေးပြီး ပဲခူးမြစ်ကူး တံတား(ကဝ) စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဆက်လက်၍ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁) တာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က ပဲခူးမြစ်ကူးတံတား(ကဝ) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

လိုအပ်ချက်များဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးက တံတားတိုင်၏ ကန့်လန့်ဖြတ် ရက်မများပြီးအောင်ဆောင်ရွက်၍ ဘေလီသံပေါင်များ တင်နိုင်အောင် ဦးစားပေးလုပ်ဆောင်ရန် ချဉ်းကပ်လမ်းကိုသတ်မှတ်လျောစောင်းနှင့် သိပ်သည်းမှုရအောင် ခင်းကြိတ်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ခံနိုင်ဝန် တန် ၂၀

ပဲခူးမြစ်ကူးတံတား(ကဝ)မှာပဲခူးတိုင်း ကဝမြို့နယ် အင်းတကော်–ထုံးကြီး–ကဝလမ်း မိုင်တိုင် ၇/၇၌ ပဲခူးမြစ်ကို ဖြတ်၍ တည်ဆောက်လျက်ရှိပြီးတံတားအောက်ထည် လွန်တူးဘိုးပိုင်၊ တံတားအပေါ်ထည် ဘေလီသံပေါင် တစ်လမ်းသွားဖြစ်၍ တံတားအရှည်ပေ ၅၆၀ ရှိပြီး တံတားခံနိုင်ဝန်မှာ တန် ၂၀ ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသည်။

ဆက်လက်၍ ဝန်ကြီးသည် ပဲခူးတံတားတည်ဆောက်ရေးစီမံကိန်း၏ ပဲခူးမြို့တွင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂) တာဝန်ခံအင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေက ယာယီလမ်းလွှဲတံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တံတားဘိုးပိုင် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စက်ယာဉ်ယန္တရားကြီးများ အချိန်ပြည့် အကျိုးရှိရှိ အသုံးပြုနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များပံ့ပိုးပေးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၄–၅–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီး သီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	လျှပ်တစ်ပြက်
၆း၅၀	၁၅။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၂၀)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း–၃၀)

24-5 (02) 1 5/23/07, 12:59 PM

● ရှေ့ဖုံးမှ

ယင်းနောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Hul Phany နှင့် သံရုံးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား နေပြည်တော် လေဆိပ်ခန်းမ၌ ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗွီစီဒီတို့ကို လက်ဆောင်အဖြစ်ပေးအပ်စဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီ တံတား(မကွေး)သို့ ရောက်ရှိကြပြီး တံတားကြီးပေါ်မှ ဧရာဝတီမြစ်အတွင်း သင်္ဘောများသွားနေမှု၊ မြစ်ကြောင်း စီးဆင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ တံတားကြီးပေါ်မှ မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုကြသည်။

အချိန်မှန်တင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီ တံတား(မကွေး)မင်းဘူးဘက်ခြမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက် အင်ဂျင်နီယာမှူးကြီး ဦးမင်းဇံက ဧရာဝတီတံတား(မကွေး) ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်္ဘောများ၊ သစ်ဖောင်၊ ဝါးဖောင်များ တံတားကြီးအောက်မှ ဖြတ်သန်းရာတွင်လိုက်နာရမည့် စည်းကမ်း၊ တံတားပေါ်မှ ဖြတ်သန်းအသုံးပြုသူများ လိုက်နာရန် စည်းကမ်းနှင့် တံတားကြီးနှင့် ရေစီးရေလာ အခြေအနေတို့ကို တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စစ်ဆေး၍ စစ်ဆေးချက်များကို အချိန်မှန် တင်ပြကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင် ရှုရပ်မှ တံတားကြီးနှင့် ရေစီးရေလာအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းဘူး–မင်းလှ လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မင်းဘူးခရိုင် မင်းဘူးမြို့မိုင်တိုင် ၈/၇၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ထန်းပင်ယင်းချောင်းကိုဖြတ်ကာ တည်ဆောက်လျက်ရှိသော ရွာသာယာတံတားသို့ ရောက်ရှိကြပြီး တံတားကြီးကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။ တံတားအရှည်မှာ ၂၅၂ပေနှင့် တံတားအမျိုးအစားမှာ အုတ်ရေလယ်တိုင်နှင့် သံကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး ၈၀ရာခိုင်နှုန်းပြီးစီးနေကြောင်း သိရှိရသည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင် ၁၆/၄ ရှိ ကြံခင်း–ပခုက္ကူရထားလမ်းဖောက်လုပ်ရေး သရက်–မင်းလှအပိုင်း မီးရထားစီမံကိန်းရုံးရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ မြန်မာ့မီးရထားအထွေထွေမန်နေဂျာ(မြို့ပြ)ဦးသီဟန်က ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ကြံခင်း–ပခုက္ကူ ရထားလမ်း ဖောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လုပ်ငန်းများအားလုံးတစ်ပြိုင်တည်း အမြန်စတင်ဆောင်ရွက်ကြရန်၊လုပ်ငန်းစီမံချက်နှင့်အညီ သတ်မှတ်ချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် တံတားတည်ဆောက်ရေးအဖွဲ့ကလည်း မိမိတို့ ဆောက်လုပ်ရမည့် တံတားလုပ်ငန်းများကို အမြန်ညှိနှိုင်းစီစဉ်၍ တစ်ပြိုင်တည်း စီစဉ်သွားရန်တို့ကို မှာကြားသည်။

ရထားလမ်းအူကြောင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းဘူး–မင်းလှ လမ်းမိုင်တိုင်၁၆/၄ရှိ ရှုရပ်မှ ရထားလမ်းအူကြောင်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းလှ–မင်းဘူးလမ်းဆုံ မိုင်တိုင် ၆ မိုင်၌ မင်းဘူးမြို့နယ် ကုန်သာကျေးရွာ နှစ်ဧကခြံစည်းရိုးကြက်ဆူပင် ၂၄၀၀ စိုက်ပျိုးပွဲသို့တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးပေးပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏အထက် ငါးမိုင်ခန့် အကွာ မုန်းချောင်းရေလှောင်တမံ စီမံကိန်း၏ အောက်ဘက် ၁၅မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော ကြီးအုံ–ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိကြပြီး ရေလွှဲတူးမြောင်းနှင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်မည့်နေရာတွင် ရေစိမ့်တားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေလှောင်တမံရှုရပ်မှ ရေပိုလွှဲ ကွန်ကရစ်လောင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကြီးအုံ–ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ရှုရပ်မှ ရေလှောင်တမံ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါရေလှောင်တမံမှာ ဇုန်တမံ အမျိုးအစားဖြစ်သည်။တမံ အလျားပေ ၃၂၀၀၊ အမြင့် ၁၆၄ပေ ဖြစ်ပြီး ၉၆၇၇၇ ဧက ဆည်ရေပေးဝေနိုင်ကာ ၃၇မဂ္ဂါဝပ်စက်နှစ်လုံးဖြင့် ၇၄မဂ္ဂါဝပ် ရေအားလျှပ်စစ်ထုတ်လုပ်ပေးနိုင်ရန် တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေးတိုင်း ပွင့်ဖြူမြို့နယ် ပုသိမ် – မုံရွာလမ်း (မြောက်ပိုင်း) မိုင်တိုင်၁၃၆/၁၃ မင်းဘူးမြို့ လမ်းဆောက်လုပ်ရေး အထူးအဖွဲ့ (၃)က တာဝန်ယူဆောက်လုပ်လျက်ရှိသော မုန်းချောင်းတံတားတည်ဆောက်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၃) အင်ဂျင်နီယာမှူး ဦးဘစောက လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

အဆိုပါ တံတားမှာ ပင်မတံတား တစ်လမ်းသွားဘေလီကြိုးတံတားဖြစ်ပြီး ချဉ်းကပ်တံတားမှာ နှစ်လမ်းသွား သံကွန်ကရစ်တံတားဖြစ်သည်။တံတားအရှည်မှာ ပင်မကြိုးတံတားပေ ၄၀၀၊ ချဉ်းကပ်တံတားပေ ၅၄၀ဖြစ်ပြီး စုစုပေါင်း တံတားအရှည်မှာ ပေ ၉၄၀ ဖြစ်သည်။

တံတားခံနိုင်ဝန်မှာ တန်၃၀ဖြစ်ပြီး ၉၀ရာခိုင်နှုန်းပြီးစီးနေကြောင်း သိရှိရသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တံတားကြီးအား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရေဝင်ရောက်မှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မဲဇလီရေပိုလွှဲဆည် ရေဝင်ရောက်မှုနှင့် ရေပိုလွှဲ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေပေးလက်တံ(တောင်စွန်း) မြောင်းပေါင်အတိုင်း စိုက်ပျိုးရေပေးဝေမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှု စစ်ဆေးပြီး စလင်း–ပွင့်ဖြူ ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြကာ ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု စံပြကျေးရွာ၏ ခြံစည်းရိုးကြက်ဆူကိုင်း ပျိုးပင်၆၀၀၀၀နှင့် အစေ့ပျိုးပင်၆၀၀၀၀ပျိုးခင်းသို့ ရောက်ရှိကြ၍ ပျိုးထောင်မှုကို ဆက်လက်ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေးက ပွင့်ဖြူမြို့နယ်၏ ဖွဲ့စည်းမှု၊ စီးပွားရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေး၊ ဒေသဝမ်းစာနှင့်စားသုံးဆီဖူလုံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ပွင့်ဖြူမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊အဓိက သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်ပြီး စပါး၊ ပဲ၊နှမ်း၊ဝါ စသည်တို့အပြင် နှစ်ရှည်သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးသွားကြရေး၊ ခြံစည်းရိုးကြက်ဆူကို သတ်မှတ်ဧကထက် ပိုမိုစိုက်ပျိုးရေး၊နိုင်ငံတော်က တည်ဆောက်ပေးထားသည့် လမ်း တံတားနှင့် ဆည်မြောင်းတာတမံများ၊ စက်ရုံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၏ နွေစပါးပန်းတိုင်ဧက ၅၀၀ စိုက်ခင်းသို့ ရောက်ရှိကြရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဝင်းက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အဆိုပါနွေစပါးပန်းတိုင်ဧက ၅၀၀ စိုက်ကွင်း၌ ရွှေမြန်မာမျိုး ၂၆၇ ဧကနှင့် ရွှေသွယ်ရင်မျိုး ၂၃၃ဧက စိုက်ပျိုးထားကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် မကျီးရုံကျေးရွာ မိုင်တိုင်၂၇/၄၌ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် နှစ်ဧက၊ အပင် ၂၄၀၀ စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူ–စလင်း လမ်းဘေးဝဲယာ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာ လာကာ စလင်းမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပဏ္ဍာမကရာတေးဒို လက်ရွေးစင်များအား ကူညီပံ့ပိုးငွေနှင့်လက်ဆောင်ပစ္စည်းများပေးအပ်

ရန်ကုန် မေ ၂၃

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော မြန်မာ့ပဏ္ဍာမကရာတေးဒို လက်ရွေးစင်အားကစား မောင်မယ်များအတွက် ကူညီပံ့ပိုးငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နာယကများဖြစ်ကြသော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်နီလာသော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ဝေဝေသာနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်နွယ်၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

မိတ်ဆက်

ရှေးဦးစွာ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော မြန်မာ့ပဏ္ဍာမကရာတေးဒို လက်ရွေးစင်အားကစားမောင်မယ်များအား နာယကများနှင့်တစ်ဦးချင်း မိတ်ဆက်ပေးသည်။

လက်ဆောင်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နာယကများက ကူညီပံ့ပိုးငွေနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ကြရာ မြန်မာ့ပဏ္ဍာမကရာတေးဒို လက်ရွေးစင်အားကစားမောင်မယ်များက လက်ခံကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

သူတို့ တာဝန်ကျေကြသည်

မတ်လရဲ့ ပြင်းထန်တဲ့ နေပူရှိန်ကြောင့်ရယ်၊ ခြေထောက်နာတာရယ် နှစ်ခုပေါင်းပြီး ဆရာဖုန်းတစ်ယောက် အပြင်ကို မထွက်နိုင်ဘူး။

ခြေထောက်မှာ ဗွေပေါက်သူလို့ လူတကာက အပြောခံရလောက်အောင် ခြေများတဲ့ဆရာဖုန်း အိမ်ထဲမှာ ဘာလုပ်နေတယ်မှတ်လဲ။

မြန်မာ့အသံ ဖွင့်နားထောင်တယ်။ City FMဖွင့်တယ်၊ ညဘက်ကျ မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီကြည့်တယ်။ ဘောလုံးပွဲတွေ ဂြိုဟ်တုမှာ ရှာတယ်။ စိတ်ဝင်စားမှု မရှိရင် 8 in 1, 12 in 1 Actionကားတွေ ကြည့်တယ်။ ဘောလုံးဂျာနယ်တွေ ဖတ်တယ်။

မတ်လ ၂၇ရက် တပ်မတော်နေ့နီးတော့ ရုပ်မြင်သံကြားမှာ ဇာတ်လမ်းလာတယ်။ ဒီမှာတင်ပဲ တပ်ကြပ်ကြီးရဲတင့်နဲ့ တွေ့တော့တာပဲ။

တပ်ကြပ်ကြီးရဲတင့်ကို တွေ့ရတော့ ဝေလဲမွှေး ကြွေလဲမွှေးက တပ်ကြပ်ကြီးဖိုးစီကို သတိရလိုက်တယ်။ တပ်ကြပ်ကြီးဖိုးစီကို တစ်ပြည်လုံးက လက်ခံကြပြီးသားပါ။ ကြိုက်လဲ ကြိုက်ကြပါတယ်။

ခုလာပြန်ပြီ တပ်ကြပ်ကြီးရဲတင့်၊ ပေါ်လစီကားလို့ ပြောပြော၊ စစ်တပ်ကို ဖားပြီး ရိုက်ကြတယ်ပဲဆိုဆို ကောင်းပါတယ်။

ဖိုးစီကော၊ ရဲတင့်ကော တစ်မျိုးတစ်ဘာသာစီ ကောင်းကြတာကို တွေ့ရတယ်။

တပ်ကြပ်ကြီးဖိုးစီကို ဇာတ်ပို့ဆုပေးလို့ ဆုလောင်ပူညံသံတွေတောင် စာနယ်ဇင်းတွေမှာ ဖတ်လိုက်ရပါသေးတယ်။

သရုပ်ဆောင်တဲ့ သူတွေကလဲ ပညာသည်တွေဆိုတော့ ပီပြင်ကြတယ်။

ဒါရိုက်တာရယ်၊ သရုပ်ဆောင်ရယ်၊ ဇာတ်ရံတွေရယ် မျှမျှတတနဲ့ တပ်မတော်သားတွေရဲ့ ဘဝကို ဖော်ကျူးတာ ရင်ထဲထိတယ်ဆိုရမှာပေါ့။

တပ်ကြပ်ကြီး ရဲတင့်ကို ကြည့်ပြီး တစ်ဆက်တည်း တွေးမိတာက သူတို့ တာဝန်ကျေကြလေသတည်းပေါ့။

အနုပညာစွမ်းအားနဲ့ တစ်ဖက်တစ်လမ်းက နိုင်ငံအကျိုးပြု ဇာတ်ကားကြီးကို အားကြိုးမာန်တက် ကြိုးစားအားထုတ်ကြတဲ့ ဒါရိုက်တာနဲ့ သရုပ်ဆောင်အားလုံးကို လေးစားမိတယ်ဗျာ။ အနုပညာရသလဲ ထိထိမိမိ ရှိကြပါပေတယ်။

အဲဒီ မတ်၂၇ရက် မတိုင်မီမှာဘဲ မြန်မာ့အသံမှာ တွေ့ဆုံခန်းလာတယ်။ ဂီတလုလင် မောင်ကိုကိုနဲ့ တွေ့ဆုံခြင်းပေါ့။

ရှေးဘုရင်များ လက်ထက်ကနေ ယနေ့အထိ စစ်ချီ၊ စစ်တေးတွေ ဘယ်လိုဖွဲ့နွဲ့ကြတယ်၊ ဆိုကြတယ်ဆိုတာတွေကို ပြောပြသွားပါတယ်။

တပ်မတော်သားတွေရဲ့ဘဝ စွန့်စားမှု၊ ကိုယ်ကျိုးစွန့်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်တဲ့သူတွေအတွက် ထာဝရ အမြဲတမ်းရေးဖွဲ့သီကုံးစပ်ဆို ဂုဏ်ပြုဦးမယ်ဆိုတဲ့ စကားပါ။ လေးစားခြင်း သိပ်ဖြစ်မိပါတယ်။

နိုင်ငံတော်ကို အဘက်ဘက်ကနေဝိုင်းပြီး ထိုးနှက်ခြေမွ သပ်လျှိုသွေးခွဲ လုပ်နေကြတဲ့ အချိန်မှာ–

နိုင်ငံတော်ကို အင်နဲ့အားနဲ့ ကာကွယ်စောင့်ရှောက်နေကြတဲ့ တပ်မတော်သားတွေကို ဂုဏ်ပြုတာဟာ ဖားတယ်လို့ မဆိုနိုင်ပါဘူး။

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမှာပါ။

တပ်ကြပ်ကြီး ဖိုးစီတို့၊ တပ်ကြပ်ကြီး ရဲတင့်တို့လို တပ်မတော်သားကြီးတွေ၊ သူတို့မျိုးဆက်တွေရဲ့ စိတ်ဓာတ်တွေဟာ တပ်မိသားစုမှာရော၊ အပြင်မှာရော ရှိသင့်ရှိထိုက်ကြောင်း တွေ့ရမှာပါ။

ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်ကို တည်ဆောက်နေချိန်မှာ လူတိုင်း၊ လူတိုင်းဟာ တာဝန်ကိုယ်စီယူသင့်နေကြပါပြီ။ အတွေးအခေါ်ဟောင်းတွေလဲ စွန့်ဖို့ လိုနေပါပြီ။

ထစ်ခနဲရှိ တည်ဆဲအစိုးရကို စွပ်စွဲပုတ်ခတ် အပြစ်ဖို့၊ အပြစ်ရှာနေရမယ့်အချိန် မဟုတ်တော့ပါဘူး။ အမှန်ကို အမှန်အတိုင်း မြင်ဖို့ လိုကြပါပြီ။

ဒါကို ဆောင်းပါးရှင် "ငါးမင်းဆွေ"က လုပ်ငန်းရှင် တစ်ဦးအနေနဲ့ မိမိကိုယ်ပိုင်စီးပွားရေးလုပ်ရင်း နိုင်ငံတော်ကို အလိုလို အကျိုးပြုလုပ်ဆောင်မှုတွေ ဖြစ်လာရတာကို တင်ပြထားတာတွေ့ရပါတယ်။

R.F.A, V.O.A, B.B.C တို့က ဇာတ်ကောင်အကျော်အမော်တွေကိုလဲ "ငါးမင်းဆွေ"ဖိတ်ခေါ်ထားပုံကလေးတွေက လှပါတယ်။

မိမိစီးပွားရေးကိုလဲ လုပ်ပါ၊ လုပ်ရင်းကနေ နိုင်ငံကို ဘယ်လိုအကျိုးပြုလာနိုင်တယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းထားတာပါ။

ရှေ့ကလဲမသွား၊ နောက်ကလဲမလိုက် ဘေးကနေ ကန့်လန့်လိုက်နေတဲ့ လွယ်အိတ်နှင့်တူသော ကဖျက်ယဖျက်သမား လူနည်းစုကို လူတိုင်းက ရှောင်ကြဉ်သင့်တဲ့ အချိန်ရောက်ပါပြီ။ လွန်ခဲ့သောနှစ်များက စပြီး နိုင်ငံကြီးတစ်နိုင်ငံရဲ့ ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် နိုင်ငံမှာ အထည်ချုပ်စက်ရုံကြီးတွေ မလည်ပတ်နိုင်တော့ သာမန်အလုပ်သမား၊ အလုပ်သမတွေ အလုပ်လက်မဲ့ဖြစ်ပြီး ဒုက္ခရောက်ကြရပါတယ်။

ကမ္ဘာလှည့် ခရီးသည်တွေမလာဖို့၊ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ကြဖို့၊ စက်ရုံအလုပ်ရုံတွေမဖွင့်ကြဖို့ တဖွဖွ တစာစာအော်နေကြတာ၊ ပိတ်ဆို့နေကြတာတွေဟာ မကောင်းပါဘူး။

နိုင်ငံမတိုးတက်ဘဲ သာမန်ပြည်သူတွေ ဒုက္ခရောက်ကြတာပါပဲ။

ဆောင်းပါးရှင်တစ်ဦး (နာမည် မမှတ်မိတော့ပါ)ရေးတာ ဖတ်လိုက်ရပါတယ်။ ဆိုလိုရင်းကတော့ နယ်လ်ဆင်မင်ဒဲလားက သူ့တိုင်းပြည် (တောင်အာဖရိက)မှာ ဖွံ့ဖြိုးတိုးတက်မှုတွေ နှေးကွေးလွန်းပြီး မတိုးတက်ဘဲ ဖြစ်ရခြင်းအကြောင်းရင်းဟာ နိုင်ငံကို နှစ်ပေါင်းများစွာ ပြည်ပက စီးပွားရေးပိတ်ဆို့မှုတွေကြောင့်ဆိုတဲ့ သံဝေဂရတဲ့စကား ပြောသွားခြင်းပါပဲ။

မြန်မာနိုင်ငံမှာလဲ အဖျက်အမှောင့်လုပ်ဖို့ တစာစာလှုံ့ဆော်ပြီး ပြည်ပရဲ့ ပိတ်ဆို့ရေး၊ ဖြတ်တောက်ရေးကို တောင်းဆိုထောက်ခံနေတဲ့ NLDတွေ၊ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံ ဆရာလေးတွေ မင်ဒဲလားရဲ့ သံဝေဂစကားကို သတိမူသင့်ပါတယ်။

ဂျာနယ်တစ်စောင်မှာ ဆောင်းပါးရှင် ချမ်းမြသော်က မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးကို ပြောရရင် NLD နဲ့ တည်ဆဲအစိုးရကြား ပြဿနာပဲဖြစ်တယ်လို့ သုံးသပ်ထားပါတယ်။

ပြည်သူလူထုနဲ့ အစိုးရကြား ပြဿနာမဟုတ်ပါဘူး။ NLD ဟာ ပြည်သူကို ကိုယ်စားမပြုရုံတင် မဟုတ်ဘူး၊ သူ့ပါတီဝင်တွေကိုတောင် ကိုယ်စားမပြုတော့ဘူးလို့ ဆိုထားတာတွေ့ရပါတယ်။

ဒီတော့ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဘာတစ်ခုမှ မလုပ်ခဲ့တဲ့ NLDက ပြည်သူ့အကျိုးယုတ်လုပ်ငန်းတွေကို အကောင်အထည်ဖော်လုပ်ဆောင်နေတာဟာ တိုင်းပြည်နစ်နာလှပါတယ်။

ဆရာဖုန်း

ငါတို့တက်မှ၊ ငါတို့အုပ်ချုပ်ရမှ မင်းတို့ အကူအညီပေးကြပါ။ ငါတို့ အာဏာမရမချင်း တည်ဆဲအစိုးရကို အကျပ်ကိုင် ဖိအားပေးပါ။ စီးပွားရေးပိတ်ဆို့ကြပါလို့ အော်နေရင်းက...။

နိုင်ငံခြားသံရုံးတွေနဲ့ ဆက်သွယ်အကူအညီတောင်း၊ အကြံပေးတဲ့ အတိုင်း(အမိန့်ပေးတဲ့အတိုင်း) NLD နဲ့ အပေါင်းပါတွေ လိုက်လုပ်နေကြလို့ကတော့ တိုင်းပြည်ဘယ်လိုမှ တိုးတက်လာမှာ မဟုတ်ပါဘူး။

ဒါကြောင့် ဆောင်းပါးရှင် ချမ်းမြသော်က အမျိုးသားနိုင်ငံရေးဖြစ်စဉ်မှာ NLD ကို ချန်ထားရစ်တာ အကောင်းဆုံးလို့ ကောက်ချက်ချသွားတာပါ။

ဂျပန်နိုင်ငံကနေ မြန်မာတစ်ပြည်လုံးမှာ မူလတန်းကျောင်း ၄၀၀ကျော် ဆောက်ပြီး လှူဒါန်းဖို့အလုပ်မှာ NLD က ထကန့်ကွက်လို့ ဆရာဖုန်းတို့ နိုင်ငံက တောချေါအုံကြားတွေမှာ ကျောင်းကောင်းကောင်းတွေရမယ့်အကျိုး ဖြစ်မလာတာဟာ စိတ်မကောင်းစရာပါဘဲ။

ဒါနိုင်ငံရေးတဲ့လားဗျာ။

ဆရာဖုန်းကတော့ အတွေးတွေ ချဲ့မိတယ်။ မြန်မာနိုင်ငံအပေါ် ရန်သူလိုဆက်ဆံနေတဲ့ အဲဒီနိုင်ငံတွေကို အံ့သြတဲ့စိတ်နဲ့ ကြည်ညိုရှိသေခြင်း ကင်းစွာ စက်ဆုပ်ရွံရှာတဲ့စိတ်တောင် ဖြစ်မိတယ်။ (လုံခြုံရေးကောင်စီမှာ တကယ်လို့များ အောင်မြင်ခဲ့ရင်ပေါ့)။

တွေ့ဆုံဆွေးနွေးမလား၊ အလုံးစုံပျက်သုဉ်းရေး ရွေးမလားဆိုတဲ့ ခြိမ်းခြောက်တဲ့ စကားတွေ။

ယူဂိုဆလပ်မှာ စစ်ဗိုလ်ချုပ်ကြီးတွေက တွေ့ဆုံဆွေးနွေးရေးကို လက်မခံလို့ ဗုံးတွေကြဲချနေတာ ယူဂိုဆလပ်ပြည်သူတွေ သေကြဦးပေါ့ ဆိုတဲ့ NLD ဒေါ်စုကြည်ရဲ့ စကားတွေကို ပြန်တွေးကြည့်ရင် အရမ်းကို စက်ဆုပ်စရာကောင်းပါတယ်။

သူ့အာဏာရဖို့အတွက် အားလုံးကိုစတေးပစ်မယ်ဆိုတာမျိုးပေါ့။

သူ့အာဏာရဖို့အတွက် ပြည်သူ့အသက်အိုးအိမ် စည်းစိမ်တွေနဲ့ လဲရ၊ လဲရဆိုတဲ့ သူမျိုးကိုတော့ နိုင်ငံခေါင်းဆောင်မတင်ချင်ဘူးဗျာ။

သူ့သမိုင်းကြောင်းကလဲ မကောင်းဘူးလေ။ မြန်မာ့လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျက်နှာကိုမှ မထောက်၊ မြန်မာပြည်သူတွေရဲ့ မျက်နှာကိုလဲ အလေးမထား၊ အမျိုးဂုဏ်ကို စောင့်သိရှိသေရမှန်းလဲ မသိဘဲ ရမ်းချင်တိုင်း ရမ်းနေတဲ့ အဲဒီ အမျိုးသမီးလက်ထဲ အာဏာများရောက်သွားခဲ့လို့ကတော့ ဆရာဖုန်းတို့ တိုင်းပြည်ဘာဖြစ်သွားမလဲတောင် မတွေးရဲတော့ဘူး။

ဆောင်းပါးရှင် ဝဿန်က **"အန်တီစု လာရာလမ်းသို့ ပြန်သွားပါလို့"** ဆိုနေပါပြီ။

ခေတ်အဆက်ဆက် ဗိုလ်မင်းရောင်တို့ လက်ထက်မှသည် ဗိုလ်ချုပ်အောင်ဆန်းအထိ ရာဇဝင်မော်ကွန်းထိုးခဲ့တဲ့ မိသားစု အခုတော့ မျိုးရိုးတိမ်ကောပပျောက်ကိန်း ကြုံနေရခြင်းဟာ ဆရာဖုန်းတို့အတွက် စိတ်မကောင်းခြင်းများစွာနဲ့ လည်ပင်းနင်နေတယ်ပေါ့ဗျာ။

လုံခြုံရေးကောင်စီကို ခုတုံးလုပ်ပြီး ဖိအားပေးဖို့ ဖြစ်မလာတော့ ဘာသာရေး၊ လူ့အခွင့်အရေးစတဲ့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်တွေနဲ့ ထိုးနှက်တိုက်ခိုက်ကြလာပြန်ရော။

ထမင်းငတ်တဲ့ဗိုက်ဟာ ကျည်ဆန်ကိုမကြောက်ဘူးဆိုတဲ့ ပြည်ပမှာ ဇိမ်ကျနေသော ပြည်ပြေးတွေရဲ့ မြှောက်ထိုးပင့်ကော်စကားဟာ အရင်က အင်္ဂလိပ်နယ်ချဲ့ အစိုးရလက်ထက်နဲ့ မဆလပါတီ လက်ထက်ကဆို မှန်ကောင်း မှန်မှာပါ။

လက်ရှိ တပ်မတော်အစိုးရအုပ်ချုပ်မှုအောက်မှာတော့ ဒီစကားဟာ မမှန်တော့ပါဘူး။ ဒီစကားမျိုးသုံးဖို့ လိုလဲ မလိုအပ်ပါဘူး။

၁၉၈၈မှာ တိုင်းပြည် အဘက်ဘက်က ချွတ်ခြုံကျနေရာကနေ ယခုလို တိုးတက်စည်ပင်အောင် လုပ်ဆောင်နိုင်ဖို့ဆိုတာ အချိန်လိုပါတယ်၊ ငွေကြေးလိုပါတယ်။ အဓိကကတော့ စိတ်ဓာတ်ပါပဲ။

အားလုံးက စိတ်ရင်း စိတ်စေတနာအမှန်နဲ့ ပါဝင်ပူးပေါင်း လုပ်ဆောင်ကြရင် တကယ်ကို ကောင်းသွားမှာပါ။

လုပ်လဲ လုပ်နေကြလို့ ငြိမ်းချမ်းခြင်းရဲ့အရသာကို လူတိုင်းခံစားနေကြရပြီပဲ။

ငြိမ်းချမ်းခြင်း၊ ငြိမ်းချမ်းရေးဆိုတာ တကယ့်ကို အနှစ်သာရ ရှိပါတယ်။

မိသားစုအတွက်၊ ရပ်ကွက်အတွက်၊ မြို့နယ်အတွက်၊ တိုင်းအတွက်၊ နိုင်ငံအတွက် လူတိုင်း (နိုင်ငံရေးသမားဆိုသူတွေအပါအဝင်) တာဝန်ကျေဖို့ လိုအပ်ချိန်မှာ မိမိကိုယ်ကို ပြန်လည်သုံးသပ်ရမှာဖြစ်။

ငါ–တာဝန်ကျေရဲ့လား၊ ငါလုပ်ခဲ့တာတွေမှန်သလား၊ မှားသလား။

ငါ့ရဲ့အပြုအမူ အပြောအဆိုတွေဟာ သာမန် ပြည်သူ၊ပြည်သားတွေအတွက် အကျိုးပြုသလား၊

ရှေ့ကို ကြိုတင်စဉ်းစားကြပါ၊ လုပ်ဆောင်ကြပါ။

ပြည်ပမှ ငွေကြေးထောက်ပံ့မှုတွေ၊ နည်းပညာ အကူအညီတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ သွေးရိုးသားရိုးနဲ့ ပုံမှန်အတိုင်း စီးဝင်များပြားလာရင် ဆရာဖုန်းတို့နိုင်ငံက သယံဇာတ ကြွယ်ဝပြီးသားပါ။ ချက်ချင်းထောင်ပြီး တိုးတက်လာမှာပါ။

NLD နဲ့ ၈၈မျိုးဆက် ကျောင်းသားအမည်ခံ နိုင်ငံရေးလုပ်စားသူတွေ ဖြတ်လမ်းက အာဏာရဖို့အတွက် မြန်မာနိုင်ငံကို အကျပ်ကိုင်ဖို့ အမေရိကန်က ၂၀၀၆ စက်တင်ဘာလထဲမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါမှာ မြန်မာနိုင်ငံ၏ အခြေအနေ (Situation in Myanmar) ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးဖို့တောင်းဆိုခဲ့တယ်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှာတော့ အမေရိကန်နဲ့ ဗြိတိန်ပေါင်းပြီး မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေး အဆိုပြုချက်မူကြမ်းကို တင်သွင်းပြန်တယ်။

ဒီတော့ဘာဖြစ်သလဲ၊ အမှန်တရားကို မြတ်နိုးတဲ့ မှန်ကန်တဲ့မူဝါဒရှိတဲ့ နိုင်ငံတွေက အမှန်တရားကို လက်ရှိကိုင်ဆွဲထားတဲ့ မြန်မာနိုင်ငံဘက်ကနေ အခိုင်အမာရပ်တည်ပြီး ပယ်ချရှင်းလင်း ဖြေရှင်းလိုက်ကြတယ်လေ။

မြန်မာ့ပြည်တွင်းရေးဟာ ဒေသတွင်းမှာရော နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ လုံခြုံရေးကို မခြိမ်းခြောက်ပါဘူးလို့ ရဲရဲဝံ့ဝံ့ ထောက်ခံလိုက်ကြတယ်လေ။

ဘယ်သူတွေ ဘယ်လောက် တာဝန်ကျေတယ်ဆိုတာ မိမိကိုယ်ကို မိမိ အသိဆုံးပါပဲ။

မိသားစုအတွက်၊ ရပ်ကွက်အတွက်၊ မြို့နယ်အတွက်၊ တိုင်းအတွက်၊ နိုင်ငံအတွက် လူတိုင်း (နိုင်ငံရေးသမားဆိုသူတွေအပါအဝင်) တာဝန်ကျေဖို့ လိုအပ်ချိန်မှာ မိမိကိုယ်ကို ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။

ငါ–တာဝန်ကျေရဲ့လား၊ ငါလုပ်ခဲ့တာတွေမှန်သလား၊ မှားသလား။

ငါ့ရဲ့အပြုအမူ အပြောအဆိုတွေဟာ သာမန် ပြည်သူ၊ ပြည်သားတွေအတွက် အကျိုးပြုသလား၊

ရှေ့ကို ကြိုတင်စဉ်းစားကြပါ၊ လုပ်ဆောင်ကြပါလို့ ဆရာဖုန်း တိုက်တွန်းချင်ပါတယ်။

ဒီလိုမှ မဟုတ်ရင်လဲ ဘေးထိုင်ဘုပြော ကန့်လန့်တိုက်မနေပါနဲ့၊ ရှေ့ကမသွားနိုင်ရင်၊ လက်တွဲပြီး မလျှောက်လှမ်းနိုင်ရင် နောက်ကသာ လိုက်ခဲ့ပါ။

တစ်နေ့တော့ အားလုံးမျှော်လင့်တဲ့ ငြိမ်းချမ်းသာယာသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် အောင်မြင်ရောက်ရှိမှာ ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးကို မြန်မာလိုတွေးပြီး မြန်မာ့စိတ်ရင်း စိတ်ဓာတ်နဲ့ တည်ဆောက်ကြရအောင်လားဗျာ။ ။

24-5 (04) 1 5/23/07, 12:59 PM

ကျောက်ဆည်ခရိုင် နွေစပါးရိတ်သိမ်းမှုနှင့် နွေနှမ်းအောင်မြင်ဖြစ်ထွန်းမှု တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး၊ မိုးစပါးစိုက်ပျိုးရေး ကြိုးပမ်းရန်မှာကြား

နေပြည်တော် မေ ၂၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးစိန်လှိုင်၊ တိုင်းမြေစာရင်းဦးစီးမှူးဦးချစ်ဆွေ၊ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတိုင်းမန်နေဂျာဦးအောင်ကြင်၊ ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၇ရက် နံနက် ၉နာရီက စဥ့်ကိုင်မြို့နယ် သိန္နီကုန်းကျေးရွာကွင်းအမှတ် (၆၁)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် ကွင်းအမှတ်(၆၁)ရှိ တောင်သူ ဒေါ်မြသွေး၏ ရေဆင်းလုံးသွယ် နွေစပါးသုံးဧက စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုအားပေး၍ **(အပေါ်ပုံ)**ရိတ်သိမ်းပြီးသည့် စပါးကောက်လှိုင်းစည်းများအား လည်းကောင်း၊ ရိတ်သိမ်းရန် ကျန်ရှိသည့် စပါးခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တစ်ဧက ၁၁၄တင်းထွက်

ထို့နောက် တိုင်းမှူးသည် ခင်းကျင်းပြသထားသော ခြွေလှေ့ပြီး စပါးများ၏ အရည်အသွေးကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရိတ်သိမ်းပြီး စပါးများအား စက်ဖြင့် ခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်က စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါ စံကွက်ရိတ်သိမ်းမှုတွင် တစ်ဧက ၁၁၄ တင်းထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူးအား စဥ့်ကိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြငွေက ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးရန် ဧက ၁၉၀၅၀လျာထားခဲ့ပြီး ၁၉၀၇၀ ဧက ၁၀၀ ဒသမ ၁၀ ရာခိုင်နှုန်းစိုက်ပျိုးနိုင်မှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက စပါးခင်းများအတွင်း ရေမဝပ်ရေး၊ ရိတ်သိမ်းရာတွင် လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့ကို မှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိုးစပါးအမီ စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။ ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စဥ့်ကိုင်မြို့နယ် ဘယ်လင်းကွင်းသို့ ရောက်ရှိကြပြီး တောင်သူဦးအေးမောင်၏ ရိုးစိမ်းမျိုး နွေနှမ်း တစ်ဆက်တစ်စပ်ဧက၃၀ဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်ဥက္ကဋ္ဌတို့က ၂၀၀၆–၂၀၀၇ ခုနှစ် နွေနှမ်းစိုက်ဧက ၁၉၈၅၀ လျာထားခဲ့ပြီး ၁၉၈၅၂ဧက ၁၀၀ဒသမ ၀၁ရာခိုင်နှုန်းစိုက်ပျိုးနိုင်မှု၊ စိုက်ပျိုးပြီး အောင်မြင် ဖြစ်ထွန်းမှု အခြေအနေများကို မြေပုံ၊ ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် နှမ်းစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ နှမ်းခင်းများအတွင်း ရေမဝပ်စေရေး၊ ပျက်စီးသော ကန်သင်းများပြုပြင်ရေး၊ နှမ်းပြီးပါက မိုးစပါးစိုက်ပျိုးရေး၊ စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးချရေး တာဝန်ရှိသူများအား မှာကြားသည်။

မြစ်သားမြို့နယ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မြစ်သားမြို့နယ် ခန္တီးလေးကျေးရွာ ကွင်းအမှတ်(၄၅၆) သို့ရောက်ရှိကြပြီး တောင်သူဦးမြင့်ထူး၏ ရွှေနန်းတော်စိုက်ကွင်း နွေစပါး မျိုးသန့်ဧက၁၀၀အောင်မြင်ဖြစ်ထွန်းမှုကို စပါးခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ စိုက်ကွင်းတွင် မနောသုခ ၇၆ ဧက၊ ရွှေသွယ်ရင် ၁၂ ဧကနှင့် ရွှေမြန်မာ ၁၂ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လယ်ယာမြေများ ရေရှည်သုံးစွဲနိုင်ရေးအတွက် သဘာဝမြေသြဇာများကို (EM)ဘိုကာရှီ အဖြစ်ပြောင်းလဲပြီး လယ်မြေများတွင် ထည့်သွင်းအသုံးပြုလျက်ရှိကြောင်း သိရသည်။ မြစ်သားမြို့နယ် အတွင်း နွေစပါး ၂၆၇၅၉ဧက လျာထားခဲ့ရာ ၂၆၈၀၂ဧက ၁၀၀ဒသမ ၁၆ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့သည်။

နွေနှမ်းစိုက်ပျိုးအောင်မြင်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မြစ်သားမြို့နယ် လမ်းခွကျေးရွာ ကွင်းအမှတ် (၄၇၀)သို့ ရောက်ရှိပြီး တောင်သူဦးထွန်းအေး၏ မျိုးယှဉ်ပြိုင်စံပြကွက် တစ်ဧကတွင် ဆင်းရတနာ(၃)၊ ဆင်းရတနာ(၄)၊ ဆင်းရတနာ(၅)နှင့် ရိုးစိမ်းနွေနှမ်းမျိုးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် ပိုးသတ်ဆေးဖျန်းနေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

မြစ်သားမြို့နယ်အတွင်း နွေနှမ်း ဧက ၂၁၀၅၀ လျာထားခဲ့ရာ ၂၁၀၇၆ ဧက ၁၀၀ဒသမ၁၂ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ရွာ အရှေ့ဘက်လေးမိုင်အကွာ ဟံမြင့်မိုရ် သံရွာလမ်းဘေးရှိ ကျားကာကျေးရွာ ကွင်းအမှတ် (၂၇၂)သို့ ရောက်ရှိကြပြီး ခင်းကျင်းပြသထားသော အသုံးပြုစိုက်ပျိုးသည့် နှမ်းမျိုးစေ့များကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ကြက်ခြေနီဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် မေ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဌာနေကိုယ်စားလှယ် Mr. Pierre-Andre Conod သည် မေ ၂၁ရက် ည ၇ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ညှိခန်းသို့ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် ရုံးအဖွဲ့မှူးဦးနေမျိုးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခန္တီးခရိုင် ပြန်/ဆက် ဦးစီးဌာန စာဖတ်ပွဲ

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်ဦးစီး၍ စာဖတ်ပွဲကို မေ၁၇ရက်က ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိဗ္ဗိခန်းမ၌ ကျင်းပရာ စာဖတ်ပွဲတွင် ၂၀၀၇ခုနှစ် မတ်လထုတ် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းပါ ဆောင်းပါးရှင် ချစ်နိုင်(စိတ်ပညာ)၏ ရာထူးတိုးတက်ရေး ဆောင်းပါးအား ဒုတိယဦးစီးမှူး ဦးဇေယျာဝင်းက လည်းကောင်း၊ ဧပြီ၁၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါဆောင်းပါးရှင် ချစ်နိုင်(စိတ်ပညာ)ရေးသားသော စည်းကမ်းရှိမှ ဆောင်းပါးအား ရုပ်သံကျွမ်းကျင်(၃) ဒေါ်ဒုံစေ့က လည်းကောင်း ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မီးသတ်တပ်ဖွဲ့နေ့ ဗန်းမော်၌ ကျင်းပ

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ၅ရက် နံနက်၇နာရီက ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်စိုးဝင်း တက်ရောက်မိန့်ခွန်း ပြောကြားသည်။ ဆက်လက်၍ ဗန်းမော်ခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်ပြသကြပြီး ဗန်းမော်ခရိုင် မီးသတ်တပ်ဖွဲ့အတွက် အလှူငွေများပေးအပ်ကြရာ ဗိုလ်မှူးချုပ်စိုးဝင်းက ငွေကျပ်တစ်သိန်းနှင့် အလှူရှင် ၂၀တို့က ငွေကျပ် ကိုးသိန်းငါးသောင်းပေးအပ်ရာ ဗိုလ်မှူးချုပ်စိုးဝင်း၊ ခရိုင်ဥက္ကဋ္ဌဦးစိုးဝင်း၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြသည်။

(၁၆၂)

တစ်နှစ်အောက် ရင်သွေးငယ်များ ညောင်ရွှေတွင် ကာကွယ်ဆေးထိုးနှံ

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီလာစိုးတို့ ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများသည် မေ ၈ရက်က မြို့မ (၈)ရပ်ကွက်များသို့ ကွင်းဆင်းပြီး တစ်နှစ်အောက် ရင်သွေးငယ်များကို ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိရသည်။

(၀၂၇)

ကျောက်တံခါး မြို့မဈေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများသန့်ရှင်းသပ်ရပ်စေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို အစဉ်ဆောင်ရွက်လျက်ရှိရာ ဈေးရုံများ၊ ဆိုင်ခန်းများ ဆေးသုတ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းကို ကျောက်တံခါး မြို့မဈေးတွင် မေ ၆ရက်က ဈေးတာဝန်ခံဦးစိုးမင်းနှင့် ဈေးဝန်ထမ်းများ ကြီးကြပ်၍ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဓမ္မမောဠိဝိဟာရ သီလရှင်ကျောင်း တရားပွဲ

မင်္ဂလာမေ အမျိုးသမီးအသင်းမှ ဦးဆောင်၍ သီလရှင် ဆရာကြီး ဒေါက်တာဒေါ်မောဠိနီက သမထ ဝိပဿနာ တရားတော်များကို မေ၂၆ရက်(စနေနေ့) ညနေ ၆ နာရီတွင် ဟောပြော ပို့ချမည်ဖြစ်ရာ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်တွင် တည်ရှိသော ဓမ္မမောဠိဝိဟာရ သီလရှင်ကျောင်းတိုက်သို့ ဓမ္မမိတ်ဆွေများ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မအူပင်မြို့နယ်အတွင်း အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကု

မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စီစဉ်ပံ့ပိုးကူညီမှုဖြင့် ဧပြီ ၂၇ရက်က မအူပင်မြို့နယ် ကျောင်းရွာကျေးရွာတွင် အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်း၍ ဆေးဝါးများ အခမဲ့ကုသပေးသည်။

အဆိုပါဆေးကုသရာတွင် မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် ကျောင်းရွာကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်များမှ ကျေးရွာများရှိ လူနာပေါင်း ၇၉၇ ဦးအား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

(က–ပ)

တီဘီရောဂါတိုက်ဖျက်ရေး ဟောပြော

ဆွမ်းပရာ ဘွမ်မြို့နယ် ကျန်းမာရေး ဦးစီးဌာနက ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက် ရေး ဟော ပြော ပွဲ အခမ်းအနားကို ဧပြီ၁ရက် မွန်းလွဲပိုင်းက မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခန်းမတွင် ကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်သိန်းက အမှာစကား ပြောကြားသည်။

ထို့ နောက် မြို့ နယ် ဆရာဝန် ဦးသိန်းဇော်က တီဘီရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများကို ဟောပြောသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်း အဖွဲ့များနှင့် ပြည် သူ ၈၆၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မေ ၂၂ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ Sky Lion Trading Co., Ltd. ဥက္ကဋ္ဌ ဦးစိုင်းမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက Banner Store Super Market ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် မုံရွာမြို့၌ အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းစစ်ဆေး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ပညာရေးငွေပဒေသာပင် စိုက်ထူပွဲတက်ရောက်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် မေ ၁၉ ရက် နံနက်ပိုင်းက မုံရွာမြို့ရှိ နယ်မြေခံတပ်ရင်းများမှ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဇီဝလောင်စာဆီအစားထိုး ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက သတ်မှတ်စိုက်ဧက ပြည့်မီအောင်စိုက်ပျိုးသွားရေးနှင့် အောင်မြင်ဖြစ်ထွန်းအောင် ထိန်းသိမ်းသွားရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ထုတ်ခြံတွင် ခြံစည်းရိုးကြက်ဆူပင်များ အမှတ်တရ စိုက်ပျိုးပေးကြပြီး အောင်မြင် ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုး ကြက်ဆူပင်များကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဘုတလင်မြို့နယ် ဝန်ပိုကျေးရွာသို့ ချင်းတွင်းမြစ်ကြောင်းအတိုင်း အမြန်စက်လှေဖြင့် သွားရောက်ကြပြီး ဝန်ပိုကျေးရွာ အလယ်တန်းကျောင်းခွဲတွင် ဒေသခံပြည်သူများကိုတွေ့ဆုံရာ ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကား ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒေသခံပြည်သူများက အသင်းဝင်အဆိုပြုလွှာစောင်ရေ ၂၅၀ကို ပေးအပ်ရာ တိုင်းအသင်းတွဲဖက် အတွင်းရေးမှူးက လက်ခံသည်။ ဆက်လက်၍ တိုင်းမှူးက ကျောင်းဆောင်သစ်အတွက် ဘိလပ်မြေ အိတ် ၁၀၀၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ငွေကျပ် ၂၇၄၅၀၀ တန်ဖိုးရှိ အထပ်သားအချပ် ၉၀၊ အသင်းလုံချည်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်းသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဆားလင်းကြီးမြို့နယ် ပေါင်းဝရွာ ရွှေစည်းခုံစေတီတော်ကို ဖူးမြော်ကြည်ညို၍ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဆားလင်းကြီးမြို့ရှိ ချည်မျှင်နှင့် အထည်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စက်ရုံခန်းမတွင် ဝန်ထမ်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကြရာ စက်ရုံမှူး ဦးမင်းစိန်က စက်ရုံ၏သမိုင်းကြောင်းနှင့် ကုန်ထုတ်လုပ်မှုအခြေအနေများ၊ အသင်းသို့ ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးက စီမံကိန်းလျာထားချက်များ အောင်မြင် ကျော်လွန်ရေးအတွက် စက်စွမ်းအားပြည့်လည်ပတ်ရေး၊ ကုန်ထုတ်မှုစရိတ် ကျဆင်းရေး၊ အလေအလွင့်မရှိစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အသင်းကြီး၏ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စက်ရုံမှူး ဦးမင်းစိန်က အသင်းဝင်အဆိုပြုလွှာ စောင်ရေ ၅၀၀ကို ပေးအပ်ရာ တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က လက်ခံသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အားကစားပစ္စည်းများနှင့် အသင်းလုံချည်များကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းမာပင်မြို့နယ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်တို့သည် ယင်းမာပင်မြို့နယ် ဒုံးတောကျေးရွာ မူလတန်းကျောင်းတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အားကစားပစ္စည်းပေးအပ်

ဆက်လက်၍ ဒုံးတောကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ စောင်ရေ ၆၅၀ကို စုပေါင်းပေးအပ်ရာ တိုင်းအသင်း တွဲဖက်အတွင်းရေးမှူးက လက်ခံပြီး တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်များနှင့် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းသုံးဗလာ စာအုပ်များနှင့် အားကစားပစ္စည်းများကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

တက်ရောက်အားပေး

ယင်းနောက် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် မုံရွာမြို့သို့ ပြန်လည်ထွက်ခွာကြပြီး မုံရွာမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ ကျင်းပသော ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲသို့ တက်ရောက် အားပေးကြသည်။

အခမ်းအနားတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအုပ် ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမှူးက မုံရွာမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းရှိ သင်တန်းသူများအတွက် ထောက်ပံ့ငွေကျပ် ၈၄၀၀၀၀၊ စစ်ကိုင်းပညာရေးကောလိပ်နှင့် မုံရွာပညာရေးကောလိပ်သို့ ငွေကျပ် ၁၀ သိန်းစီ၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက မုံရွာမြို့သူနာပြုနှင့် သားဖွား သင်တန်းကျောင်း၊စစ်ကိုင်းပညာရေးကောလိပ်နှင့် မုံရွာ ပညာရေးကောလိပ်တို့သို့ ငွေကျပ် ၁၀ သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မုံရွာမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသို့ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်က ငွေကျပ်တစ်သိန်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သိန်းနှင့် အလှူရှင် ခြောက်ဦးတို့က ငွေကျပ်၉၅၀၀၀၀တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းစစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့်ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၃

ပဲခူးတိုင်း စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးလုပ်ငန်း ဆပ်ကော်မတီများ၏ (၂/၂၀၀၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့်စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။

ရေတံခါး

ထို့နောက် လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ၂၀၀၆-၂၀၀၇ခုနှစ်တွင် စစ်တောင်းတာ၊ မုက္ခမူချောင်းတာနှင့် မြစ်မခမြစ်တို့ တာပတ်ခြင်းလုပ်ငန်း၊ ရေနုတ်မြောင်းများ ပြုပြင်တူးဖော်မှုနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊၂၀၀၇-၂၀၀၈ခုနှစ်တွင် လျာထားဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် တိုင်းအတွင်းရှိ ဆည်၊ရေလှောင်တမံနှင့် ရေကာတာများ၏ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရေစီးရေလာ

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က စစ်တောင်းမြစ်နှင့်မြစ်မခမြစ်တို့ ရေစီးရေလာ ကောင်းမွန်ရေးနှင့် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမြင့်က ၂၀၀၆-၂၀၀၇ခုနှစ်တွင် စစ်တောင်းတာ(ရေပေါ်သောင်မှကျောင်းရွာအထိ)၊ မုက္ခမူ ချောင်းတာ (ရေပေါ်သောင်မှမုက္ခမူ တံတားအထိ)၊ မြစ်မခမြစ်တာ(မြစ်သာကျေးရွာမှ မိုးညိုမြို့အထိ)နှင့် မြစ်မခမြစ်ကြောင်း ဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် ရေတော် မိုးတော် မိုးစပါး တိုးချဲ့စိုက်ပျိုးရေးအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများနှင့် နွေစပါး တိုးချဲ့စိုက်ပျိုးရေးအတွက် ဖြည့်စွက်ဆောင်ရွက်မည့် လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ပြုပြင်တူးဖော်ခြင်း

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းက စစ်တောင်းမြစ်ဝှမ်းဒေသရှိ ရဲနွယ်ချောင်း ဖြောင့်ခြင်း၊ ပြုပြင်တူးဖော်ခြင်းနှင့် ခြောက်တန်ချောင်းပိတ်ဆို့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွဋ်က မြစ်မခမြစ်ကြောင်း ဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တက်ညီလက်ညီ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းရပ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့မှ အဖွဲ့ဝင်များ စုပေါင်း၍ ဧပြီ ၃ရက်က မြို့မဈေးအတွင်း အိုင်အိုဒင်းဆားများ အရည်အသွေးပြည့်မီရေး စစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြောင်းလဲတိုးတက်နေသော နည်းပညာများ မျက်ခြည်မပြတ်လေ့လာ နိုင်ငံနှင့်လူမျိုးအတွက် တာဝန်ကျေပွန်စွာ စေတနာထားဆောင်ရွက်

မိမိတို့သင်ကြားခဲ့သော ကျောင်းတော်ကြီး၏ ဂုဏ်ကိုမြှင့်တင်

ရန်ကုန် မေ ၂၃

ပုသိမ်နည်းပညာတက္ကသိုလ်၏ တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မေ ၁၃ရက် နံနက် ၉ နာရီက အဆိုပါ ပုသိမ်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် နည်းပညာအင်ဂျင်

နီယာများ၏ အခန်းကဏ္ဍသည် အရေးပါသဖြင့် နိုင်ငံတော်က နည်းပညာအင်ဂျင်နီယာများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ နည်းပညာအင်ဂျင်နီယာများကလည်း နိုင်ငံနှင့် လူမျိုးအတွက် တာဝန်ကျေပွန်စွာဖြင့် စေတနာထားဆောင် ရွက်ရေး၊ ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို မျက်ခြည်မပြတ်လေ့ လာဆန်းစစ်ပြီး အမီလိုက်နိုင်အောင် ဆက်လက်လေ့လာဆည်းပူးသွားရေး၊ နိုင်ငံတော်၏ လိုအပ်ချက်များကို မိမိတို့တတ်မြောက်သော နည်းပညာဖြင့် အလုပ်အကျွေးပြုကာ မိမိတို့သင်ကြားခဲ့သော ကျောင်းတော်ကြီး၏ ဂုဏ်ကိုမြှင့်တင်နိုင်အောင် ကြိုးစားသွားရေး မှာကြားကာ ဘွဲ့ယူမောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

ရှင်းလင်းတင်ပြ

၄င်းနောက် တိုင်းမှူးသည် အပင်နှစ်ဆယ်ကျေးရွာရှိ တိုင်းစစ်ဌာနချုပ် ကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီးကြက်ဥဖောက်စက်ဖြင့် ဘက်ကော့အမျိုးအစား ကြက်သားပေါက်ဖောက်လုပ်နေမှုနှင့် မွေးမြူထားသော ကြက်ခြံများ အခြေအနေကို လည်းကောင်း၊ ခြံအတွင်း စိုက်ပျိုးထားသောခြံစည်းရိုးကြက်ဆူပင်များအားလည်းကောင်းကြည့်ရှု စစ်ဆေးကာ ခြံတာဝန်ခံက လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

လိုအပ်သည်များမှာကြား

ထို့နောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ဘက်စုံမွေးမြူရေးခြံသို့ ရောက်ရှိပြီး မွေးမြူထားသော ဝက်များနှင့် ကြက်များအား လည်းကောင်း၊ ကြက်စာ ထုတ်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ (ပ) စစ်ထောက် ဒုတိယ ဗိုလ်မှူးကြီးငွေစိုး၏ လိုက်လံရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင်ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက်မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် စာချ နာယကဆရာတော် အရှင်ကောသရ၏သက်တော် (၄၀)ပြည့် မွေးနေ့အထိမ်းအမှတ် ကျောင်းအလှူတော်ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော် ဦးနန္ဒဝံသနှင့် ဒုတိယဥက္ကဋ္ဌ ဆရာတော်ဦးဣန္ဒဝံသတို့က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

အမှာစကား ပြောကြား

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ပုသိမ် နည်းပညာ တက္ကသိုလ် တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြို့ရှာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပညာရေးဝန်ကြီးဌာန ကျောင်းအပ်နှံရေးသီတင်းပတ် မေလ ၂၅ ရက်မှ ၃၁ ရက်အထိ

စိတ်ဓာတ် ဉာဏ်ကာယ ပညာ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

နိုင်ငံတော်နှင့် သမဝါယမအသင်းများအတွက် ဝင်ငွေပိုမိုရှာဖွေ လုပ်ငန်းဆောင်ရွက်ရာတွင် အကျိုးအမြတ် ပိုမိုရရှိရန်

အသုံးစရိတ်များချွေတာ၊ လေလွင့်မှုများ စနစ်တကျထိန်းသိမ်း

နေပြည်တော် မေ ၂၃

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၀ရက် နံနက်ပိုင်းက မကွေးတိုင်း မကွေးမြို့သို့ရောက်ရှိပြီး မကွေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်၏ တစ်နေ့ကုန်ကြမ်း တန်၃၀ကျ ဆီစက်လည်ပတ်နေမှုနှင့်ထုတ်လုပ်ပြီး ပဲဆီသန့်နမူနာကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ထို့နောက် ဝန်ကြီးသည် ဆီစက် ရှင်းလင်းဆောင်၌ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မကွေးတိုင်း သမဝါယမအသင်းစုဥက္ကဋ္ဌက တန်၃၀ကျ ဆီစက်၏သမိုင်းကြောင်းနှင့် လက်ရှိလည်ပတ်ထုတ်လုပ်နိုင်မှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

အသုံးစရိတ်ချွေတာ

ထို့နောက် မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ညောင်ဦးမြို့နယ် ဦးစီးအရာရှိတို့က သမဝါယမပိုင် ပုဂံဟိုတယ်၏ လုပ်ငန်းအခြေအနေများကို တင်ပြကြရာ ဝန်ကြီးက သမဝါယမလုပ်ငန်းများက နိုင်ငံတော်နှင့် သမဝါယမအသင်းများအတွက် ဝင်ငွေပိုမိုရှာဖွေပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အကျိုးအမြတ်ပိုမိုရရှိရန်အတွက် အသုံးစရိတ်များ ချွေတာရန်နှင့်လေလွင့်မှုများကို စနစ်တကျ စစ်ဆေးထိန်းသိမ်းပေးသွားရန် လိုကြောင်းမှာကြားသည်။

အလေးထားဆောင်ရွက်

ဆက်လက်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အသေးစား ချေးငွေလုပ်ငန်းတာဝန်ခံ ဦးမောင်မောင်က လုပ်ငန်းအခြေအနေများကို တင်ပြရာ ဝန်ကြီးက စီမံခန့်ခွဲမှုစရိတ်များ အနည်းဆုံးဖြစ်စေရန်နှင့် ပြည်သူလူထုအတွက် ချေးငွေပမာဏတိုးမြှင့်ရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

တိုးတက်ထုတ်လုပ်

ယင်းနောက် ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီးက ကျောင်းသားများ လက်တွေ့လုပ်ငန်းခွင်သို့ စေလွှတ်ထားမှုနှင့် ယွန်းကောလိပ်ဝန်ထမ်းများ၊ သမဝါယမအသင်းမှ ယွန်းပစ္စည်းများ ထုတ်လုပ်နေမှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ယွန်းကောလိပ်ဝန်ထမ်းများနှင့် သမဝါယမအသင်းများက ခေတ်မီ ယွန်းပန်းချီကားများ တိုးတက်ထုတ်လုပ်၍ ဈေးကွက် ပိုမိုကျယ်ပြန့်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာသင် ထောက်ပံ့ကြေး စာရေးကိရိယာနှင့် ဝတ်စုံများပေးအပ်

ရန်ကုန် မေ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် အင်းစိန် ဗဟိုအကျဉ်းထောင်တို့မှ ဝန်ထမ်းများ၏သားသမီး ကျောင်းသား၊ ကျောင်းသူများအား နှစ်ဦးပညာသင် ထောက်ပံ့ကြေး၊ ကျောင်းသုံး ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၂ ရက် ည ၇ နာရီက အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ကျင်းပရာ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်ခဲ့

အခမ်းအနားတွင် အကျဉ်းဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ ၆၄၇ ဦး အတွက် နှစ်ဦးပညာသင် ထောက်ပံ့ငွေကျပ် ၁၉၉၄၀၀၀နှင့် ကျောင်းသုံးဗလာစာအုပ်၊စာရေးကိရိယာနှင့်ကျောင်းဝတ်စုံများအတွက် ထောက်ပံ့ ငွေကျပ် ၁၁၂၄၄၀၀ကို Mother Trading Co.,Ltd.မှ အလှူရှင်ဦးအောင်မြတ်က ကျောင်းသုံး စာရေးကိရိယာများ တန်ဖိုးငွေကျပ်၁၅၆၀၀၀၀နှင့် အလှူရှင် ဌာနခွဲစာရေး ဒေါ်ခိုင်ခိုင်နွယ်က ထောက်ပံ့ငွေကျပ် ၇၅၆၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ်၄၇၅၄၀၀၀ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက် မိမိတို့နယ်မြေဒေသတိုးတက်ရေး ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်ကြ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မေ ၁၈ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ညောင်လေးပင်မြို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ ညောင်လေးပင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးပိုင်က လူမှုရေးဆောင်ရွက်ချက်များနှင့် သင်တန်းဖွင့်လှစ်မှုများကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်နွဲ့ရီနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာမေအေးတို့က သင်တန်းဖွင့်လှစ်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင်ပါဝင်ဆောင်ရွက်ကြရန်အတွက် ယုံကြည်ချက်တူသူများနှင့် ဖွဲ့စည်းထားသော လူမှုရေးအသင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မူအဖြစ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ကြရမည့် မှန်ကန်မွန်မြတ်သည့် အချက်များဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် မိမိတို့ နယ်မြေပြည်သူများ အကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ရာတွင် အမြဲတမ်းကြုံတွေ့နေကြရသော သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နယ်မြေ ဖွံ့ဖြိုးရေးအတွက် ကိုယ်တိုင်ကိုယ်ပိုင်စွမ်းအားဖြင့်တည်ဆောက်ကြရေး မှာကြားသည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်း

ထို့နောက် ရပ်မိရပ်ဖ များနှင့် အသင်းဝင်များက မြို့နယ်၊ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို တင်ပြကြရာ အထွေထွေ အတွင်းရေးမှူးက လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးကူညီပေးသည်။

ပံ့ပိုးကူညီ

ယင်းနောက် အထွေထွေ အတွင်းရေးမှူးနှင့် အဖွဲ့သည် ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် မြို့နယ်အဆင့် အခြေခံပညာ မူလတန်းသင်ဆရာ၊ ဆရာမများ သင်ကြားရေးမွမ်းမံ သင်တန်းဆင်းပွဲသို့ တက်ရောက်အားပေးပြီး ညောင်လေးပင်မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းကျောင်း ၁၄၆ ကျောင်းမှ သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမ ၂၂၁ ဦးနှင့် နည်းပြများအားတွေ့ဆုံ၍ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့ လိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အမျိုးသား ပညာရည်မြင့်မားရေးအတွက် အခြေခံပညာများကို မွန်မြတ်သည့် စေတနာဖြင့် သင်ကြားပေးသူများဖြစ်၍ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ သိရုံတတ်ရုံသာမက လိမ္မာရေးခြားရှိရန်အတွက်လည်း ပဲ့ပြင်ဆုံးမရန် လိုကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော ပညာရည်မြင့်မားရေးအတွက် ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားကာ လိုအပ်သည်များ ပံ့ပိုးကူညီခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၈၀ ၁၆၆လမ်း မြေညီထပ် တာမွေကြီး(ခ)ရပ်ကွက် တာမွေမြို့နယ်နေ ဦးမောင်ဆိုင်-ဒေါ်အေးကြည် မိသားစုက ငွေကျပ်နှစ်သိန်းကို ဦးစိုးမြတ်အောင် (အတွင်းရေးမှူး)နှင့် ဦးမျိုးခင်(အဖွဲ့ဝင်)တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၅-၂၀၀၇ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ အရေးပြိုင်ပွဲ
၈း၂၅ ၉။ မင်းလှရေလှောင်တမံ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၆း၄၅ ၄။ **တန်ဖိုး** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၁၆း၅၀ ၅။ တေးဂီတအစီအစဉ်
၁၇း၀၀ ၆။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၇း၂၀ ၇။ ချီးကျူးပူဇော်ဖူးမြော်မဝသည့် သာသနာ့အာဇာနည် (တိပိဋကဓရဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသ)
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၂၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ သီရိဂေဟာ
၁၈း၅၅ ၁၁။ Discovery
၁၉း၀၅ ၁၂။ မလွှန်လွန်းဘူးလား (အပိုင်း-၂)
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေရောင်သန်းသော အသည်းနှလုံး** (အပိုင်း-၄)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၅)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၃

မဟာသရဏဗျူဟာ အဖွဲ့ချုပ်(ဗဟန်း)က ကြီးမှူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်ကျောင်းတိုက် ရတနာမဥ္ဇူ ထားဝယ်ကျောင်းတွင် ပိဋကတ်ပညာရှင် ဆရာဦးချမ်းသာက ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်သင်တန်းကို ဇွန်၉ ရက်မှ ဇူလိုင် ၂၉ရက်အထိ (စနေ၊ တနင်္ဂနွေ)နေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ဓမ္မဒါန ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားကြသူများ ဖုန်း-၅၅၂၈၂၃သို့ ဆက်သွယ် စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ဦး ချစ် သောင်း (မိုး ကုတ် ယောဂီ) အား ရည် စူး ၍ အမှတ် ၉၈ မြန်မာ့ဂုဏ် ရည် လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်တင်မြင့်နှင့် အေး၊ ဌေး၊ မြင့်၊ စန်း၊ စိုး မိသားစုက ဗဟန်း မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ကျပ်တစ်သိန်းငါးသောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

တူရကီနိုင်ငံ အန်ကာရာမြို့၌ အသေခံဗုံးခွဲ ခြောက်ဦးသေဆုံး၊ ၉၀ ကျော် ဒဏ်ရာရရှိ

အန်ကာရာ မေ ၂၃

တူရကီနိုင်ငံ အန်ကာရာမြို့၌ မေ ၂၃ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၉၀ကျော်ဒဏ်ရာရရှိသွားကြောင်း တူရကီတာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ဆိုးရွား

ယင်းဗုံးခွဲ တိုက်ခိုက်မှုသည် မကြာသေးသည့်နှစ်များအတွင်း တူရကီ၌ အဆိုးရွားဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း အန်ကာရာမြို့တော်ဝန် ကီမဲလ်အိုနယ်က ပြောကြားသည်။

ဖြစ်ပွား

အဆိုပါ ဗုံးဖောက်ခွဲမှုသည် ညနေရုံးဆင်းချိန်တွင် အန်ကာရာမြို့လယ်ရှိ ကုန်ပဒေသာဆိုင်ကြီး တစ်ဆိုင်၏ အဝင်ဝ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခန့်မှန်း

ယင်းဗုံးခွဲ တိုက်ခိုက်သူသည် တရားမဝင် ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ခုမှ ဖြစ်ဖွယ်ရှိကြောင်း အန်ကာရာမြို့တော်ဝန်က ခန့်မှန်းပြောကြားသည်။

ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးရုံး ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် မေ ၂၃

ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးရုံး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက်၉နာရီတွင် ပဲခူးတိုင်း အရန်တပ်ခွဲသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀၀ အတွက် ပဲခူးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ထောက်ပံ့ငွေကျပ် ၃၆၁၀၀၀၊ ပဲခူးတိုင်း ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့ ငွေကျပ် ၁၀၃၀၀၀ စုစုပေါင်း ငွေကျပ် ၄၆၄၀၀၀ ကို ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းနှင့် ဇနီး ပဲခူးတိုင်း ရဲတပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်မြမြလွင်တို့က အသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးရုံး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲတွင် ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်း ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (ရဲတပ်ဖွဲ့)

* ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ရွှေလီရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ ရေအားလျှပ်စစ်အသုံးချရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရတင်အုန်းက စီမံကိန်းသို့ ဝင်ရောက်သည့် တန် ၄၀ တံတားများကို တန် ၁၀၀ ခံနိုင်ဝန်ရှိသည့်တံတားများအဖြစ် တည်ဆောက်နေမှုအခြေအနေ၊ ရွှေလီမြစ်ရေလျှံတက်မှုကြောင့် ရေလွှဲဥမင်မှ ပိုလျှံသောရေများ စီမံကိန်းဧရိယာအတွင်း စီးဝင်မှုမှ ကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်ကပြည်သူများ လိုအပ်နေသော လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရေးအတွက် လုပ်ငန်းများကို သတ်မှတ်ကာလအထိ မစောင့်ဘဲ တက်နိုင်သမျှစော၍ ပြီးစီးစေရန် တွန်းအားပေး ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထုတ်ယူနိုင်ရန်တည်ဆောက်

ရွှေလီရေအားလျှပ်စစ် စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်၌ ရေထိန်းတမံတစ်ခု တည်ဆောက်ပြီး မဂ္ဂါဝပ် ၆၀၀ စက်တပ်ဆင်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၄၀ ဒသမ ၂၂ သန်း ထုတ်ယူနိုင်ရန် တည်ဆောက်နေခြင်းဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံးမှာ ၅၃ ဒသမ ၄၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

လုပ်ငန်းအခြေအနေ

ဆက်လက်၍ ရွှေလီတံတား (နမ့်ခမ်း) တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၆)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က ပင်မကြိုးတံတားလုပ်ငန်းများဖြစ်သည့် ကြိုးထိန်းခုံ၊ ကြိုးထိန်းတိုင်၊ ကြိုးတံတားတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ကမ်းကပ်ခုံ တည်ဆောက်ရေးလုပ်ငန်းများ၊ ချဉ်းကပ်လမ်းလုပ်ငန်းများ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တွက်ဆထိန်းညှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် စီမံဆောင်ရွက်ပေးပြီး မန္တလေး-လားရှိုး-မူဆယ်-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကုန်သွယ်ရေး ကဏ္ဍတွင် အရေးပါသော တံတားတစ်စင်းဖြစ်၍ နောင်တွင်ဖြစ်ပေါ်လာမည့် နယ်စပ်ကုန်သွယ်ရေးကဏ္ဍအတွက် သွားလာရေး လွယ်ကူစေရန် ယခုကတည်းက မျှော်မှန်းပြီး ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ရန် ချဉ်းကပ်လမ်း အဝင်အထွက်လမ်းများမှအစ တံတား၏ ခံနိုင်ဝန်ကိုပါ တွက်ဆထိန်းညှိ တည်ဆောက်သွားကြရေး မှာကြားသည်။

အဆိုပါရွှေလီတံတား(နမ့်ခမ်း)မှာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မူဆယ်-ကြူကုတ် (ပန်ဆိုင်း)-မုံးကိုးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ကြူကုတ်(ပန်ဆိုင်း)မြို့ နမ့်ဟူးကျေးရွာနှင့် ဖိုင်ကောင်းကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံတိုင်းရင်းသား တောင်သူများ၏ တစ်ဧက တင်း ၂၅၀ စံပြကွက်များအတွင်း အထူးအထွက်တိုး ဆင်းရွှေလီစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ကြူကုတ် (ပန်ဆိုင်း)မြို့တွင် ဆင်းရွှေလီ အထူးအထွက်တိုးစပါးမျိုးနွေစပါးရာသီတွင် ၆၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါး စိုက်ပျိုးရေးရာသီတွင် ၁၈၁၆ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံးကိုးမြို့ ဟေမိုးလုံကျေးရွာ၌ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ၇၂ ဒသမ ၅ ဧကရှိသည့် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံးကိုးမြို့ ဟေမိုးလုံကျေးရွာအနီးရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နယ်ခြားမျဉ်းကျောက်တိုင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟေမိုးလုံကျေးရွာသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ဘိန်းအစားထိုး သီးနှံစိုက်ခင်းများ၊ လေ့ကားထစ် လယ်ယာမြေများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ မုံးကိုးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံးကိုးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မုံးကိုးမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မုံးကိုးဒေသမှ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ဌာနဆိုင်ရာများက မုံးကိုးမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ မြို့နယ် ဌာနဆိုင်ရာများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ဆောင်ရွက်

တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က မုံးကိုးဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် မုံးကိုးမြို့သည် ယခင်က ငြိမ်းချမ်းမှုမရှိခဲ့ရာမှ ယခုအခါ အေးချမ်းသာယာလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်က အိမ်ခြေအနည်းငယ်သာရှိသော ကျေးရွာလေးမှ ယခုအခါ မြို့အဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး မြို့ပြအင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်နှင့် မြို့နယ်၏ အုပ်ချုပ်ရေးယန္တရား ပြည့်ပြည့်ဝဝလည်ပတ်နိုင်ရန် ဌာနဆိုင်ရာများ ဖွဲ့စည်းပြီး ဝန်ထမ်းများ စေလွှတ် တာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း၊ မုံးကိုးမြို့တွင် တာဝန်ထမ်းဆောင်ကြသူများအနေဖြင့် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဒေသဖြစ်ရာ စိုက်ပျိုးရေး၊ မြို့ပြစည်ပင်သာယာရေးတို့တွင် စံနမူနာယူသင့်သည်များကို အတုယူကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း ပညာပေး စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်ကိုယ်စား နယ်စပ်ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသည့်ဝန်ထမ်းများဖြစ်ရာ တာဝန်ကျေပွန်ရုံသာမက နိုင်ငံတော်အပေါ် စေတနာထားပြီး နိုင်ငံတော်ကအားထားရသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

အလှူငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မုံးကိုးမြို့ အခြေခံပညာ အထက်တန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေ ကျပ်သိန်း ၁၀၀ ကို ကျောင်းအုပ်ကြီး ဦးဗိုလ်ဌေးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးစွမ်းခေါင်တို့ထံ ပေးအပ်သည်။

ဆက်လက်၍ အဝတ်အထည်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား အသီးသီး ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံးကိုးမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မုံးကိုးမြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားရှိ နယ်စပ် ဂိတ်စခန်းကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံးကိုးမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ကြူကုတ်(ပန်ဆိုင်း)သို့ ရောက်ရှိကြပြီး ကြူကုတ်(ပန်ဆိုင်း)မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ချစ်ကြည်ရေးတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်မြို့နှင့် မြန်မာနိုင်ငံ ကြူကုတ်(ပန်ဆိုင်း)မြို့တို့ ဆက်သွယ်ထားသော တရုတ်-မြန်မာချစ်ကြည်ရေး ကြူကုတ်-ဝမ်တိန်တံတားသို့ ရောက်ရှိကြရာ ကြူကုတ်(ပန်ဆိုင်းမြို့)အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ဦးက ချစ်ကြည်ရေးတံတားသစ်နှင့် တံတားဟောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တည်ဆောက်ပြီးစီး

အဆိုပါ တရုတ်-မြန်မာ ချစ်ကြည်ရေး ကြူကုတ်-ဝမ်တိန်တံတားဟောင်းကို ၁၉၃၈ ခုနှစ် ဩဂုတ်လတွင် တည်ဆောက်ခဲ့ပြီး ယခုတံတားသစ်ကြီးကို ၂၀-၂-၁၉၉၃ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကြူကုတ်(ပန်ဆိုင်း) နယ်စပ်စစ်ဆေးရေးစခန်းကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းပြသကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကြူကုတ် မိုတယ်သို့ရောက်ရှိကြပြီး ကြူကုတ်(ပန်ဆန်း)တွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ ကြူကုတ်(ပန်ဆိုင်း) အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ဦးက ကြူကုတ်(ပန်ဆိုင်း)ဒေသ၏ သမိုင်းကြောင်းဆိုင်ရာအချက်အလက်များနှင့် အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေး အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ကြူကုတ်(ပန်ဆိုင်း)သည် နယ်စပ်ဒေသဖြစ်၍ ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများကို မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရေး၊ ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြရေး၊ ဒေသနေ တိုင်းရင်းသားများအပေါ် စေတနာထား ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကြူကုတ်(ပန်ဆိုင်း)မြို့မှ လူမှုရေးအသင်းအဖွဲ့များအား အဝတ်အထည်များပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြုစုပျိုးထောင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကြူကုတ်(ပန်ဆိုင်း)မြို့ မြို့ဝင် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ကြက်ဆူပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စဉ်ဆက်မပြတ်

ကြူကုတ်(ပန်ဆိုင်း)၌ ဒေသစက်သုံးဆီဖူလုံရေးအတွက် ၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီတွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀၀၀ စိုက်ပျိုးပြီးစီးခဲ့ပြီး ပျိုးဥယျာဉ်မှ ခြံစည်းရိုးကြက်ဆူမျိုးများကို စဉ်ဆက်မပြတ် ဖြန့်ဝေလျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဆူးလေစေတီတော်၌ မဟာသမယအခါတော်နေ့ ကျင်းပမည်

ရန်ကုန် မေ ၂၃

ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၉ ခုနှစ် နယုန်လပြည့်နေ့ (မေ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီတွင် ဆူးလေစေတီတော် ကျက်သရေဆောင်ခန်းမ၌ မဟာသမယအခါတော်နေ့ အခမ်းအနားတွင် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယကဆရာတော် (နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန် မော်ကွန်းထိန်းဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရမဟာထေရ်က မဟာသမယသုတ်ဖြစ်ပေါ်လာပုံအကြောင်းအရာများနှင့် တရားဒေသနာတော်ကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ နံနက် ၁၀ နာရီတွင် ဆူးလေစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးကိုးပါးအားပူဇော်ပွဲကျင်းပပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ မွန်းတည့် ၁၂ နာရီတွင် ဆူးလေစေတီတော်ကြီး၏ ဝိုင်းရံလေးမြို့နယ် (ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်နှင့် လမ်းမတော်မြို့နယ်)မှ သက်ကြီးအဘိုးအဘွား ၁၀ ဦးစီနှင့် ဂေါပကအဖွဲ့မှ သက်ကြီးပုဂ္ဂိုလ်ခြောက်ဦး စုစုပေါင်း ၄၆ ဦးတို့အား သက်ကြီးပူဇော်ပွဲကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့က ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ မွန်းလွဲ ၂ နာရီတွင် ဆူးလေစေတီတော် ဝန်ထမ်းဝတ်အဖွဲ့က မဟာသမယသုတ်တော်နှင့်စပ်ဆိုင်သည့် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များကို ရွတ်ဖတ်ပူဇော်ကြမည်ဟု သိရသည်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ရေကျော်တံတားဖွင့်ပွဲတက်ရောက်အားပေး

ရန်ကုန် မေ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၂၁ ရက် နံနက်ပိုင်းက အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာ ကညင်ချောင်းကူး ရေကျော်တံတားဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။

ဖွင့်လှစ်ပေး

ထို့နောက် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ တံတားကို ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါတံတားကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ် ၁၉၇ သိန်း အကုန်ခံပြီး အလျား ၁၉၅ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့်ပေ ၃၀ ရှိ တံတားအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် မြို့မြောက် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကိုသွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည်အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အလုပ်အမှုဆောင်များက စည်းရုံးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို မှာကြားသည်။

စိုက်ပျိုးပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၉ ရက် ညနေပိုင်းတွင် ကြံခင်းမြို့နယ် ဇီးပင်ကွင်း ကျေးရွာအုပ်စု ဖြိုးစည်သူထုတ်လုပ်မှုကုမ္ပဏီလီမိတက် ပုဂ္ဂလိက ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀၀ ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဖြိုးစည်သူကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုအေး၊ ရောဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းမြင့်တို့က ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အမှတ်တရ

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ခင်းအတွင်း အမှတ်တရ ကျွန်းပင်များ စိုက်ပျိုးပေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်အထူးသတင်း

နှစ်ပေါင်း ၃၀၀၀ ခန့်က ရေခဲကျွန်းကြီး အာတိတ်ကမ်းခြေမှ ပဲ့ထွက် မျောပါလာနေ

နယူးယောက်မြို့ မန်ဟက်တန် စီရင်စုခန့် ကြီးမားကျယ်ပြန့်သည့် ရေမရေခဲကျွန်းကြီးတစ်ခုကို အာတိတ်စက်ဝိုင်းရောက် သိပ္ပံပညာရှင်များက ပထမဆုံး စူးစမ်းတွေ့ရှိခဲ့ကြောင်း သိရသည်။

စူးစမ်းတွေ့ရှိ

အလျား ၁၆ ကီလိုမီတာ၊ အနံ ၅ ကီလိုမီတာရှိသော အဆိုပါ ရေခဲကျွန်းကြီးသည် ကနေဒါ အာတိတ်ကမ်းခြေမှ ၂၀၀၅ ခုနှစ်တွင် ပဲ့ထွက်ခဲ့သော်လည်း မကြာသေးမီကမှ စူးစမ်းတွေ့ရှိခြင်းဖြစ်သည်ဆို၏။

ယခုအခါသုတေသီများသည် အဆိုပါ ရေခဲကျွန်းကြီးပေါ်သို့ ရောက်ရှိပြီး ရေကြောင်းပြကိရိယာများတပ်ဆင်လျက်ရှိသည်။ အာတိတ်သမုဒ္ဒရာအတွင်း ထိုရေခဲကျွန်းကြီးကို ရေစီးကြောင်းက သယ်ဆောင်စဉ် သိရှိရန်ဖြစ်သည်။

ပဲ့ထွက်လာ

ယင်းရေခဲကျွန်းသည် နှစ်ပေါင်း ၃၀၀၀ ခန့်က ကနေဒါ အာတိတ်ကမ်းခြေ၌တည်ရှိခဲ့ရာမှ ယခုအခါ ပဲ့ထွက်ရွေ့လျားလာခြင်း ဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ပူဇော်ပွဲ

ရန်ကုန် မေ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော လားရှိုးမြို့ မာန်ဆူဘုရားကြီးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဏ္ဍညအား မန္တလေးမြို့ မင်းကွန်းတိုက် ဓမ္မဝိနယ ရွှေကျီးကျောင်း ဦးဓမ္မိက(ဝိသိဋ္ဌ ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ)နှင့် မန္တလေးမြို့ တပည့်ဒါယကာ ဒါယိကာမအပေါင်းမှ ဆရာတော်အား ပူဇော်ကန်တော့ပွဲကို မေ၁၉ ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ဧည့်ပရိသတ်အပေါင်းအား မန္တလေးမြို့ ရွှေကျီးမုန့်ကြွပ် (သဲတော) မိသားစုက ဧည့်ခံခဲ့ကြောင်း သိရသည်။

(က-ပ)

မလေးရှားဝန်ကြီးချုပ် ဂျပန်သို့ရောက်ရှိ

ကွာလာလမ်ပူ မေ ၂၃

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီသည် မေ ၂၁ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံသို့ အလုပ်သဘော အလည်အပတ်ခရီး ရောက်ရှိနေကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ပြောကြားသည်။

ရောက်ရှိ

ဘာဒါဝီသည် ၂၀၀၃ ခုနှစ် မလေးရှား ဝန်ကြီးချုပ် ဖြစ်လာကတည်းက ဂျပန်နိုင်ငံသို့ ပဉ္စမအကြိမ်မြောက် ရောက်ရှိခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ဂျပန်နိုင်ငံ၌ ကျင်းပမည့်(၁၃)ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပွဲ ညီလာခံ၌ နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် ဒေသဆိုင်ရာလုပ်ငန်းများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

လေ့လာ

မလေးရှားဝန်ကြီးချုပ် ဘာဒါဝီသည် ဂျပန်နိုင်ငံသို့ရောက်ရှိစဉ် တာ့စ်ကူဘာ အာကာသစခန်းသို့လည်း သွားရောက်လေ့လာမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟေနန်ပြည်နယ်တွင် ကျင်းပသော ဖရဲသီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများနှင့် ၎င်းတို့၏ ဖရဲသီးများကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ ပထမဆုံး လစူးစမ်းလေ့လာရေးယာဉ် ၂၀၀၇ခုနှစ် နှစ်ကုန်ပိုင်းတွင် လွှတ်တင်မည်ဟုဆို

ပေကျင်း မေ ၂၃

တရုတ်နိုင်ငံက ပထမဆုံးသော လစူးစမ်းလေ့လာရေးယာဉ်ကို ၂၀၀၇ခုနှစ် ဒုတိယနှစ်ဝက်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း အာကာသ တာဝန်ရှိသူတစ်ဦးက ပေကျင်းမြို့၌ မေ ၂၀ရက်က ပြောကြားသည်။

အဆိုပါ လစူးစမ်းလေ့လာရေးယာဉ် Chang'e L သည် ဂြိုဟ်တုနှင့်လူလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်နိုင်ခဲ့သည့် စီမံကိန်းများအပြီး တရုတ်နိုင်ငံ၏ အာကာသ နည်းပညာတွင် တတိယမြောက် သမိုင်းမှတ်တိုင်စိုက်ထူလိုက်ခြင်းပင် ဖြစ်ကြောင်း တရုတ်အာကာသ ထိန်းချုပ်ရေးအရာရှိ ဆန်းလိုင်ဟုန်က ပြောကြားသည်။

ပြောကြား

တရုတ်သိပ္ပံနည်းပညာ ကော်မရှင် ဒုတိယညွှန်ကြားရေးမှူးလည်း ဖြစ်သည့် ဆန်းက ပေကျင်းရှိ ကျောက်တန်တက္ကသိုလ်၌ ကျောင်းသားများအား တရုတ်အာကာသ အစီအစဉ်နှင့် ပတ်သက်၍ ပြောကြားစဉ် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

သုံးပိုင်းခွဲခြား

တရုတ်နိုင်ငံ၏ လစူးစမ်းလေ့လာရေး အစီအစဉ်ကို သုံးပိုင်းခွဲခြားထားသည်။ ယင်းတို့မှာ လကမ္ဘာကို လှည့်လည်လေ့လာခြင်း၊ လကမ္ဘာသို့ ဆင်းသက်ခြင်းနှင့် ကမ္ဘာမြေသို့ အောင်မြင်စွာ ပြန်လာရေးတို့ဖြစ်သည်။

ကြေညာထား

တရုတ်နိုင်ငံအနေဖြင့် စောစောပိုင်းက လစူးစမ်းလေ့လာရေးယာဉ်ကို ၂၀၁၂ခုနှစ်ရောက်မှ လွှတ်တင်သွားမည်ဟု ကြေညာထားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အိုရမ်အူတန် မျောက်တစ်ကောင်အား မေ ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိရစ္ဆာန်များရောင်းဝယ်မှု ပူးပေါင်းတိုက်ဖျက်ရန် အင်ဒိုနီးရှားနိုင်ငံက တိုက်တွန်းပြောကြား

ဂျကာတာ မေ ၂၃

တရားမဝင် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်မှုတိုက်ဖျက်ရာတွင် ဒေသတွင်းစည်းလုံးညီညွတ်စွာ လုပ်ဆောင်ကြရန် အင်ဒိုနီးရှားနိုင်ငံက အိမ်နီးချင်းနိုင်ငံများသို့ တိုက်တွန်းပြောကြားလိုက်သည်။

တိုက်တွန်း

အင်ဒိုနီးရှားနိုင်ငံ၌ တရားမဝင် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာအစည်းအဝေးတစ်ရပ်ကျင်းပစဉ် အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

ပြောကြား

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အဆိုပါအစည်းအဝေးတွင် တောရိုင်းတိရစ္ဆာန်များကို ဥပဒေပြဋ္ဌာန်းလျက် အကောင်းဆုံးကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းနိုင်ငံက တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာတွင် အိုရမ်အူတန် မျောက်များလည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဗီယက်နမ်၌ ကော်ဖီပြည်ပတင်ပို့မှု မြင့်တက်

ဟနွိုင်း မေ ၂၃

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ပြည်ပသို့ကော်ဖီတင်ပို့ရာ၌ အမေရိကန်ဒေါ်လာ ၁ဒသမ၅ ဘီလီယံခန့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခင်နှစ်ကထက် ၃၆ဒသမ၄ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ပိုင်အိုးနီးယားသတင်းစာ၌ မေ ၂၁ရက်က ဖော်ပြသည်။

တင်ပို့နိုင်မည်

ယခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ကော်ဖီတန်ချိန် ၉၀၀၀၀၀ တင်ပို့နိုင်မည်ဖြစ်ကြောင်း နိုင်ငံ၏ထုတ်ကုန် ခန့်မှန်းတွက်ချက်မှုအရ ယခုနှစ်ပထမသုံးလအတွင်း ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ရရှိရာမှ လာမည့်လများအတွင်း ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀မှ ၁၆၀၀ထိ ရရှိနိုင်မည်ဖြစ်သည်။

ပြည်ပနိုင်ငံများသို့ ကော်ဖီတင်ပို့ရာ၌ ကမ္ဘာပေါ်တွင် ဘရာဇီးနိုင်ငံပြီးလျှင် ဗီယက်နမ်သည် ဒုတိယအများဆုံး တင်ပို့နိုင်သော နိုင်ငံဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယအရှေ့ပိုင်း၌ မီးရထားပေါ် ဗုံးတွေ့ရှိ

ကာလကတ္တား မေ ၂၃

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ အရှေ့ပိုင်း၌ မီးရထားတစ်စီးပေါ်တွင် မေ ၁၁ရက်က ဗုံးတစ်လုံးရှာဖွေတွေ့ရှိသဖြင့် ရဲတပ်ဖွဲ့က အချိန်မီရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ၁၁ဦး သေဆုံးခဲ့ရသည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် သုံးရက်အကြာတွင် ယခုကဲ့သို့ မီးရထားပေါ်မှ ဗုံးတွေ့ရှိခြင်း ဖြစ်သည်။

အဆိုပါ ဗုံးတွေ့ရှိသော မီးရထားသည် အိန္ဒိယနိုင်ငံတာရာကီဆဝါမြို့သို့ ဦးတည်ခုတ်မောင်းမည့် ရထားဖြစ်သည်။ ၎င်းရဲတပ်ဖွဲ့က လုံခြုံရေးအတွက် လှည့်ပတ်စစ်ဆေးမှုများ ပြုလုပ်နေစဉ် ဗုံးကိုရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်သည်။ အမ်အင်န်အေ၊ရိုက်တာ

အီဂျစ်၌ နှစ် ၄၀၀၀ခန့်က သင်္ချိုင်းဂူတွေ့ရှိ

ကိုင်ရို မေ ၂၃

အီဂျစ်နိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ခန့်က ရှေးဟောင်း သင်္ချိုင်းဂူတစ်ခုကို**(အောက်ပုံ)** ဘယ်လ်ဂျီယံ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း အီဂျစ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနက မေ ၂၀ ရက်၌ ပြောကြားသည်။

တူးဖော်တွေ့ရှိ

အဆိုပါ ရှေးဟောင်းသင်္ချိုင်းဂူကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တောင်ဘက် မင်ယာမြို့အနီးတွင် တူးဖော်တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

၎င်းသင်္ချိုင်းဂူအတွင်း၌ ရှေးခေတ် နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ ရုပ်တုများတွေ့ရှိရကြောင်း၊ ရုပ်တုများအားလုံးမှာ ပျက်စီးခြင်းမရှိသေးကြောင်း ဘယ်လ်ဂျီယံ သုတေသနပညာရှင်များက ပြောကြားသည်။

ယခုတွေ့ရှိရသော ရှေးဟောင်း သင်္ချိုင်းဂူသည် အီဂျစ်တို့၏ ရှေးခေတ်ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘောဒီးယား ကျေးလက်အဆောက်အအုံများ ဖွံ့ဖြိုးရေး အိန္ဒိယက ချေးငွေများ ထောက်ပံ့ ပေးမည်

ဖနောင်ပင် မေ ၂၃

ကမ္ဘောဒီးယားနိုင်ငံ၏ ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမေရိကန်ဒေါ်လာ ၃၅ဒသမ၂သန်း ပမာဏရှိသော ချေးငွေတစ်ရပ်ကို အိန္ဒိယနိုင်ငံက ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိကြောင်း ကမ္ဘောဒီးယား မီဒီယာများက မေ ၂၁ ရက်၌ သတင်းထုတ်ပြန် ဖော်ပြသည်။

ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံရေးဝန်ကြီးလည်းဖြစ်ပြီး နိုင်ငံတကာ ညှိနှိုင်းဆောင်ရွက်ရေး ဝန်ကြီးလည်းဖြစ်သော ဟော်နမ်ဟောင်က အိန္ဒိယနိုင်ငံသို့ မကြာမီက အလည်အပတ်ခရီး သွားရောက်ခဲ့ပြီးနောက် အဆိုပါကိစ္စကိုပြောကြားခဲ့ခြင်းဖြစ်သည်ဟု ကမ္ဘောဒီးယားနိုင်ငံ နေ့စဉ်ထုတ် သတင်းစာ ကိုဆန်သာဖီရာက ဖော်ပြသည်။

ဆည်ရေ

အဆိုပါချေးငွေများသည် ဆည်တမံများ တည်ဆောက်မှုနှင့် ဆည်ရေပေးဝေမှုများအပြင် လျှပ်စစ်ဓာတ်အားကွန်ရက်များကို ကရာတီပြည်နယ်မှ စတန်ထရန်ပြည်သို့ ဆက်သွယ်ရေးများ၌ အသုံးပြုသွားမည်ဖြစ်ကြောင်း မစ္စတာ ဟော်နမ်ဟောင်က ပြောကြားသည်။

ရေစုပ်စက်

ထို့အပြင်လယ်သမားများအတွက် ဆန်စပါး ပိုမို ထွက်ရှိရေးအတွက် ရေစုပ်ပန့်စက်များ ဝယ်ယူတပ်ဆင်အသုံးပြုရေးတွင်လည်း သုံးစွဲသွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ကျင်းပြည်နယ်ရှိ ဟန်ကျို့ပင်လယ်အော်အတွင်း ဖြတ်ကျော်တည်ဆောက်လျက်ရှိသည့် တံတားတစ်စင်းကို မေ ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်၌ ရထားဖြင့်ခရီးသွားသူ ပိုမိုများပြား

ပေကျင်း မေ ၂၃

တရုတ်နိုင်ငံက ဧပြီ ၁၈ရက်မှစ၍ အမြန်ရထားများတိုးမြှင့်ပြေးဆွဲခဲ့ပြီးနောက် ရထားဖြင့် ခရီးသွားလာသူများ အရေအတွက်နှင့် ကုန်စည်များ တင်ပို့မှုမှာ စံချိန်တင်တိုးတက်လာကြောင်း တရုတ်မီးရထားဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ပြောကြားသည်။

ပို့ဆောင်

တရုတ်နိုင်ငံ၏ မီးရထားပို့ဆောင်ရေးလုပ်ငန်းသည် လွန်ခဲ့သော ရက် ၃၀ က ခရီးသည် ၁၁၅ သန်း ပို့ဆောင်ပေးခဲ့သည်။

မြှင့်တင်

ယင်းမှာ ယမန်နှစ် အလားတူကာလကထက် လေးရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ကုန်စည်ပို့ဆောင်မှုမှာ တန်ချိန် ၂၆၃ သန်းရှိပြီး ခုနစ်ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

စံချိန်တင်

မေ ၁ရက်မှစ၍ နေ့စဉ် ခရီးသည်တင်ရထားပြေးဆွဲမှုမှာ စံချိန်တင်မြင့်မားလာရာ အလုပ်သမားတို့ ရက်ရှည်ကာလအတွင်း ရထားဖြင့် ခရီးသွားသူ ၅ ဒသမ ၄၈ သန်း ရှိခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ၂၀၃၀ ပြည့်နှစ်၌ ၅၉ ရာခိုင်နှုန်း မြင့်တက်နိုင်

နယူးယောက် မေ ၂၃

ကမ္ဘာကြီး ပူနွေးလာမှုနှင့် ဆက်နွှယ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ တစ်ကမ္ဘာလုံးမှ ထုတ်လွှတ်လာမှုသည် ၂၀၀၄ခုနှစ်မှစ၍ ၂၀၃၀ပြည့်နှစ်အထိ ၅၉ရာခိုင်နှုန်း မြင့်တက်လာနိုင်ဖွယ်ရှိသည်။

သုံးသပ်ပြောကြား

ယင်းဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောက်မီးသွေးလောင်ကျွမ်းရာတွင် ထွက်ရှိလာမည့် ကာဗွန်ဒိုင်အောက်ဆိုဒ်မှာ အများဆုံးဖြစ်ကြောင်း အမေရိကန် အစိုးရက မေ ၂၁ ရက်တွင် သုံးသပ်ပြောကြားလိုက်သည်။

ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များထုတ်လွှတ်မှု စောင့်ကြည့်ရေးအဖွဲ့က ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ကုလသမဂ္ဂကွန်ဖရင့်တစ်ခု အင်ဒိုနီးရှား၌ မကျင်းပမီ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ ယင်းကွန်ဖရင့်၌ ကမ္ဘာကြီး ပူနွေးမှုကို ဖြစ်စေသော ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ ထုတ်လုပ်နေခြင်းကို ထိန်းချုပ်သည့် ကျိုတိုစာချုပ်ကို အစိုးရများက ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

မြင့်တက်လာ

ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုသည် ၂၀၃၀ပြည့်နှစ်တွင် တန်ချိန် ၄၂ ဒသမ ၈၈ ဘီလီယံရှိလာမည်ဖြစ်ကြောင်း၊ ယင်းမှာ ၂၀၀၄ခုနှစ်က တန်ချိန် ၂၆ဒသမ ၉ဘီလီယံရှိရာမှ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ကမ္ဘာ့အမြင့်ဆုံး ခရစ္စမတ်သစ်ပင်

ကမ္ဘာပေါ်တွင် အမြင့်ဆုံး ခရစ္စမတ်သစ်ပင် တစ်ပင်ကို တွေ့ရစဉ်။(ဝဲပုံ)

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ပြုလုပ်ထားသော ခရစ္စမတ် သစ်ပင်တစ်ပင်မှာ အမြင့် ၈၂ မီတာရှိပြီး ရောင်စုံ မီးလုံး ၂ဒသမ ၈သန်းနှင့် အလှဆင်ထားရာ ၎င်းခရစ္စမတ်သစ်ပင်သည် ကမ္ဘာ့အမြင့်ဆုံးနှင့် အကြီးဆုံး ခရစ္စမတ်သစ်ပင်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ယီမင်နိုင်ငံ၌ ဗုံးပေါက်ကွဲ တစ်ဦးသေဆုံး

ဆာနာ မေ ၂၃

ယီမင်နိုင်ငံ ဆာနာမြို့ ကျောင်းတစ်ကျောင်း၌ မေ၂၀ရက်က ဗုံးဝှက်၍ ထောင်ထားသော ဗီရိုအနီး ကျောင်းသားများ ဖြတ်လျှောက်စဉ် ဗုံးပေါက်ကွဲ၍ ကလေးတစ်ဦးသေဆုံးသွားကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

သမိုင်းဝင် ရှေးဟောင်းမြို့စွန်တွင် ဖြစ်ပွားခဲ့သော အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုနောက်ကွယ်တွင် မည်သူရှိသည်ကို တိတိကျကျ မသိရှိရသေးသော်လည်း စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ ပေါက်ကွဲမှုတွင် အခြားတစ်ဦးလည်း ဒဏ်ရာရခဲ့ကြောင်း ၎င်းအရာရှိက ထုတ်ဖော်ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရော်ဘာပူဖောင်းများဖြင့် ဝေဟင်၌အမြင့်ဆုံးတက်နိုင်သူ

ရော်ဘာ ပူဖောင်းများဖြင့် ဝေဟင်အတွင်း ပျံတက်နေသော လူတစ်ဦးကို တွေ့ရစဉ်။(ယာပုံ)

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အရှေ့ပိုင်း ဝေဟင်တွင် အမျိုးသားတစ်ဦးက ရော်ဘာပူဖောင်း အလုံး ၆၀၀ ကို အသုံးပြုပြီး အောက်မှ တွဲခိုလိုက်ပါသွားရာ ဝေဟင်၌ အမြင့်ပေ ၁၁၀၀၀ ကျော်အထိ ရောက်ရှိခဲ့ရာ ကမ္ဘာပေါ်တွင် ပူဖောင်းများဖြင့် ဝေဟင်၌ အမြင့်ဆုံးတက်နိုင်သူ ဖြစ်လာသည်။

(အင်တာနက်)

ဧဝရက်တောင်ထိပ်မှ မိုဘိုင်းလ်ဖုန်းပြောဆိုသူ

ခတ္တမန္ဒူ မေ ၂၃

ဗြိတိသျှ တောင်တက်သမား တစ်ဦးသည် ဧဝရက်တောင်ထိပ်မှ မိုဘိုင်းလ်ဖုန်းခေါ်ဆိုခြင်းဖြင့် ကမ္ဘာ့စံချိန်တင်ခဲ့သည်ဟု အင်တာနက်တွင် သတင်းဖော်ပြသည်။ မေ ၂၁ ရက်နံနက်ပိုင်းက အဆိုပါတောင်တက်သမား ရော့ဒ်ဘာယာ ဆိုသူသည် ဧဝရက်တောင်ထိပ် မြောက်ဘက်တောင်စွယ်မှ ဖုန်းနှစ်ကြိမ်ခေါ်ဆိုမှုပြုလုပ်ခဲ့သည်ဟု ဆိုသည်။**(အောက်ပုံ)**

မစ္စတာဘာယာသည် အဆိုပါတောင်ထိပ်မှ တောင်ခြေရှိ အခြေစိုက်စခန်းမှ ဇနီးနှင့်ကလေးများထံ ဖုန်းဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တည်ဆောက်

ထိုသို့ မိုဘိုင်းလ်ဖုန်း ဆက်သွယ်ခေါ်ဆိုနိုင်ခြင်းမှာ တရုတ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်းဆက်သွယ်ရေးအခြေစိုက်စခန်း တည်ဆောက်ထားခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

ထောက်ကူ

မစ္စတာဘာယာသည် ဧဝရက် တောင်ထိပ်၌ ၁၅မိနစ်ခန့်သာ နေနိုင်ခြင်းကြောင့် ဖုန်းကို အချိန်ကြာမြင့်စွာ မဆက်နိုင်ကြောင်း၊ အသက်ရှူကိရိယာကို ဖယ်ရှားပြီး ဖုန်းဆက်ခြင်းမှာ အလွန်အန္တရာယ်များကြောင်း ၎င်းက ပြောကြားသည်။ ထိုသို့ တောင်ထိပ်ပေါ်မှ မိုဘိုင်းလ်ဖုန်းခေါ်ဆိုနိုင်ခြင်းသည် တောင်တက်သမားများအတွက် ဘေးကင်းလုံခြုံမှုပေးနိုင်ရန် အထောက်အကူတစ်ရပ် ဖြစ်လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

လေးပွင့်ဆိုင်ခြေစမ်းပွဲ တတိယမြောက်ပွဲစဉ် ဆက်လက်ယှဉ်ပြိုင် အနီရောင်အသင်းနှင့် အပြာရောင်အသင်းတို့ နှစ်ဂိုးစီသရေပွဲဖြစ်

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၃

မြန်မာဘောလုံးအသင်းအတွက် လူရွေးချယ်ပွဲကျင်းပနေသည်မှာ သုံးပွဲမြောက်ရှိပြီဖြစ်သည်။ လေးပွင့်ဆိုင်ခြေစမ်းပွဲများမှ မြန်မာဘောလုံးအသင်း ပြန်လည်ရွေးချယ်ဖွဲ့စည်းမည်ဖြစ်ရာ ယခု မေ ၂၃ ရက်၌ အနီရောင်နှင့် အပြာရောင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

တွေ့ဆုံမေးမြန်း

ထိုသို့ လေးပွင့်ဆိုင် ဘောလုံးအသင်းများမှ အသင်းအုပ်ချုပ်သူနှင့် နည်းပြများအနက် မေ ၂၁ ရက်က ကစားခဲ့သော အနီရောင်နှင့် အဖြူရောင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများအား တွေ့ဆုံမေးမြန်းခဲ့ပြီးနောက် ယခုကစားကြမည့် အနီရောင်နှင့် အပြာရောင် အသင်းတို့အနက် အပြာရောင်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် ပါဝင်ကစားကြသော ဘောလုံးသမားအချို့ကို မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

"ကစားသမားတွေ အကုန်ကစားနိုင်အောင် လူအပြောင်းအလဲ လုပ်ပြီး ကစားခိုင်းထားတယ်"

ဦးတင်ဟန်
အပြာရောင်အသင်းအုပ်ချုပ်သူ

ဦးတင်ဟန်

အပြာရောင်အသင်းအုပ်ချုပ်သူအဖြစ် ဆောင်ရွက်သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းပြအကြံပေးဖြစ်သူ ဦးတင်ဟန်နှင့် အောင်ဆန်းကွင်းအတွင်း ဘောလုံးသမားသွေးပူလေ့ကျင့်ခန်းပေးနေရာ၌ တွေ့ဆုံမေးမြန်းခဲ့ရာ **"ပထမပွဲက ကစားသမားတွေအတိုင်း မဟုတ်ဘဲ နည်းနည်းပြောင်းထားတယ်၊ ကျွန်တော့်အသင်းမှာက လူ ၁၅ ယောက်ရှိတော့ အကုန်ကစားနိုင်အောင် ပြောင်းလဲထားပါတယ်၊ ဒီပွဲတွေမှာ ကြိုးစားပြီး စွမ်းရည်ပြနိုင်မှ အရွေးခံကြမှာဆိုတာ သေသေချာချာမှာထားပါတယ်။ သူတို့တွေ တကယ်အရည်အချင်းနဲ့ စွမ်းရည်တွေပြနိုင်မှ ဘရာဇီးနည်းပြက ရွေးမှာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကြိုးစားဖို့၊ စွမ်းရည်ပြဖို့ကိုပဲ အထပ်ထပ်မှာထားပါတယ်"**ဟုဦးတင်ဟန်က မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ဦးဌေးမြင့်

ဦးတင်ဟန်သည် အပြာရောင်အသင်းမှ ဘောလုံးသမားများကို လိုအပ်သည့်ညွှန်ကြားမှုများ ပြောကြားနေသည်ကို ရပ်ကြည့်ရင်း အနီးရှိ အပြာရောင်အသင်းနည်းပြ ဦးဌေးမြင့်နှင့် ဆက်လက်မေးမြန်းဖြစ်သည်။

"အပြာရောင်အသင်းမှာ ဘဏ္ဍာ/အခွန်၊ စီးပွား/ကူးသန်း၊ လယ်/ဆည်၊ သစ်တော၊ ဆောက်လုပ်ရေး၊ ကာကွယ်ရေးနဲ့ စွမ်းအင်အသင်းတွေက ဘောလုံးသမားတွေနှင့်ဖွဲ့စည်းထားပါတယ်။ အခုကစားနေတာက

"ကြံ့ခိုင်မှုအပြည့်နဲ့ ကစားမှာပါ"

အပြာရောင်အသင်း
ခေါင်းဆောင်ရန်ပိုင်

မြန်မာ့ဘောလုံးအသင်းအတွက် လူရွေးချယ်နေတာဆိုတော့ အသင်းမှာပါဝင်ဖွဲ့စည်းထားတဲ့ကစားသမား ၁၅ ယောက်စလုံးကို အလှည့်ကျထည့်သွင်းကစားနိုင်အောင် စီစဉ်ပေးထားပါတယ်"ဟု ဦးဌေးမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့အပြင် ဦးဌေးမြင့်က "ကစားသမားအားလုံးက အတွေ့အကြုံရှိပြီး ကစားသမားတွေကြီးပါပဲ၊ လူရွေးပွဲဖြစ်နေတာမို့ အတတ်နိုင်ဆုံးခြေစွမ်းပြကစားနိုင်ကြဖို့အတွက်ပဲ တိုက်တွန်းနေရတယ်၊ သူတို့တွေ တကယ်အရည်အချင်းရှိမှ လက်ရွေးစင်အဖြစ်ရွေးချယ်ခံရမှာမို့ ဒီအခွင့်အရေးကို ကိုယ့်အတွက် အသုံးချနိုင်အောင် ကြိုးစားကြဖို့ အားပေးထားပါတယ်" ဟု ဖြေကြားသွားသည်။

ရန်ပိုင်

ထို့နောက် ယနေ့ကစားမည့်ပွဲအတွက် သွေးပူလေ့ကျင့်ခန်းပြုလုပ်နေသော အပြာရောင်အသင်းခေါင်းဆောင် ရန်ပိုင်အား တွေ့ဆုံမေးမြန်းရာ **"ဒီနေ့ပွဲနဲ့ဆိုရင် နှစ်ပွဲရှိပြီ၊ ပထမပွဲတုန်းကလည်း ကစားခဲ့တာအားရပါတယ်၊ ဒီနေ့ပွဲလည်း ကြံ့ခိုင်မှုအပြည့်နဲ့ ကစားနိုင်မှာပါ၊ ကျွန်တော့်အနေနဲ့ လေ့ကျင့်မှုတွေမပြတ်ပါဘူး၊ ဒဏ်ရာအနာတရလဲ မရှိတာမို့ အခု လူရွေးပွဲတွင် ကစားတဲ့အခါ စွမ်းရည်ပြည့် ကစားနိုင်ပါတယ်"**ဟု ရန်ပိုင်က ပြောကြားသည်။

ရန်ပိုင်သည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ မာဒေးကားဘောလုံးပြိုင်ပွဲ စသည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်ဘောလုံး သမားတစ်ဦးအဖြစ် ပါဝင်ကစားခဲ့သူ ဖြစ်သည်။

ဝင်းမင်းထွန်း

တစ်ဖန် ယနေ့ကစားမည့်အပြာရောင်အသင်းတွင် ပါဝင်သည့် နောက်တန်းဘောလုံးသမားတစ်ဦးဖြစ်သူ ဝင်းမင်းထွန်းအားမေးမြန်းရာ **"မိခင်အသင်းက ပို့ဆောင်ရေးကပါ၊ ဒီနေ့ဆို နှစ်ပွဲရှိပါပြီ၊ အခု လေးပွင့်ဆိုင်ဘောလုံးပွဲကလူရွေးချယ်ပွဲမို့ ကြိုးစားပြီး ကစားနေပါတယ်။ လေ့ကျင့်မှုကတော့ တစ်နှစ်လုံး မပြတ်ပါဘူး၊ အခု မြန်မာ့လက်ရွေးစင်အသင်းမှာ ပါဝင်ဖို့အတွက် ခြေစွမ်းပြနိုင်အောင် ကြိုးစားနေပါတယ်"**ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ဝင်းမင်းထွန်းသည် ၂၀၀၂ခုနှစ်က အသက်(၁၇)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းတွင် ပါဝင်ကစားခဲ့သည့်အပြင် နိုင်ငံတကာဘောလုံးပွဲများလည်း ကစားခဲ့ဖူးသူဖြစ်သည်။

"ခြေစွမ်းပြနိုင်မှ အရွေးခံရမှာမို့ ကြိုးစားကစားနေပါတယ်"

ဝင်းမင်းထွန်း
(အပြာရောင်အသင်းနောက်ခံလူ)

ယနေ့ယှဉ်ပြိုင်ကစားသည့် အနီရောင်နှင့် အပြာရောင်အသင်းတို့တွင် အနီရောင်အသင်းအုပ်ချုပ်သူအဖြစ် ဘရာဇီးနိုင်ငံသားနည်းပြ မစ္စတာမားကိုစ်ဖလော်ဖာက ဆောင်ရွက်ပြီး နည်းပြအဖြစ် ဦးဉာဏ်ဝင်းက ဆောင်ရွက်သည်။ အပြာရောင်အသင်း အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်က ဆောင်ရွက်ပြီး နည်းပြအဖြစ် ဦးဌေးမြင့်က ဆောင်ရွက်သည်။

ပွဲစတင်ကစားရာ အနီရောင်အသင်းသည် ကစားကွက်စိပ်စိပ်ဖြင့် အနီးကပ် အပေးအယူ လုပ်ပြီး

"သူတို့ကြိုးစားပြီး ခြေစွမ်းပြနိုင်မှ အရွေးခံရမှာမို့ ကြိုးစားခိုင်းထားတယ်"

ဦးဌေးမြင့်
အပြာရောင်အသင်းအုပ်ချုပ်သူ

ထိုးဖောက်ကစားသည်။ အပြာရောင်အသင်းက ပထမပိုင်းတွင် အပေးအယူ အချိတ်အဆက်အနည်းငယ်လွဲနေသော်လည်း အနီရောင်အသင်းနှင့် ခြေရည်တူကစားနိုင်သည်။

အပြာရောင်အသင်းနောက်တန်းကို အနီရောင်အသင်း တိုက်စစ်မှူးများ ပထမပိုင်းတွင် ထိထိရောက်ရောက် မထိုးဖောက်နိုင်အောင် အပြာရောင်နောက်တန်းခံစစ်မှူးများဖြစ်သော မင်းကိုကို၊ ဝင်းမင်းထွန်း၊ ကျော်ခိုင်ဝင်း၊ ကျော်ဇေယျာဝင်းတို့က ဟန့်တားနိုင်ခဲ့သည်။

ပထမပိုင်း

သို့သော်လည်း ပထမပိုင်း မိနစ် ၄၀ ခန့်တွင် အနီရောင်အသင်းမှ ကွင်းလယ်ကစားသမား အောင်မျိုးသန့်က ဂိုးဧရိယာအတွင်းမှ ခြေဖြင့်ပက်သွင်းခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ပထမပိုင်းတွင် အနီရောင်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိနေခဲ့သည်။

ဒုတိယပိုင်း

ဒုတိယပိုင်းပွဲစသည်နှင့်အပြာရောင်အသင်းက ဖိကစားရာ အပြာရောင်အသင်းတိုက်စစ်မှူး ရန်ပိုင် အပိုင်ကန်သွင်းချက်အချို့ လွဲချော်ခဲ့သော်လည်း ဘောလုံးခင်းကျင်းပေးမှုကို တည်ငြိမ်စွာ လုပ်ပေးနိုင်ခဲ့သည်။ အမြင့်ဘောများ၊ တောင်ပံတိုက်စစ်များဖြင့် ကစားအားတင်ခဲ့ရာ အနီရောင်အသင်း ဂိုးဧရိယာအစပ်၌ ပြစ်ဒဏ်ဘောရရှိခဲ့သည်။ ၎င်းပြစ်ဒဏ်ဘောကို အပြာရောင်အသင်းမှ ထွန်းထွန်းဝင်းက ကန်သွင်းရာ အနီရောင်ဂိုးသမား ကျော်ဇင်ထက် လှုပ်ချိန်မရလိုက်ဘဲ ဂိုးဝင်သွားခဲ့သည်။

အနီရောင်အသင်း၏ ဒုတိယဂိုးကို ပိုင်စိုးက ဝဲဘက် ဂိုးဧရိယာအစပ်မှ အပြင်းကန်သွင်းရာ အပြာရောင်အသင်း ဂိုးသမား သီဟစည်သူ ကြိုးစားဖမ်းသော်လည်း ခြေထောက်ကြားမှ ဂိုးဝင်သွားသဖြင့် အနီရောင်တို့ နှစ်ဂိုးရရှိသွားသည်။

သရေကျ

အနီရောင်အသင်းသည် ဒုတိယပိုင်း၌ အချိတ်အဆက်ပြန်မိလာသော်လည်း အပြာရောင်အသင်းက ပြန်လည် ထိုးဖောက်ကစားရာ ဒုတိယချေပဂိုးကို အပြာရောင်အသင်းမှ အောင်ကျော်ထွန်းက ပယ်နယ်တီဂိုးဧရိယာအတွင်းမှ အနီးကပ်သွင်းယူခဲ့သဖြင့် အနီရောင်နှင့် အပြာရောင်အသင်းတို့ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ ။

(မြန်မာ့အလင်း)

အနီရောင်အသင်းနှင့် အပြာရောင်အသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

MRTV-4
ရုပ်မြင်သံကြား အစီအစဉ်

၂၄-၅-၂၀၀၇
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်း ပဋ္ဌာန်း ဒေသနာတရားတော်(အပိုင်း-၃) (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၇း၅၅	သိစေချင်သည် ICT (မဟာဗုဒ္ဓဝင်နှင့်အောင်ခြင်းရှစ်ပါး Animation ဖန်တီးသူများနှင့်တွေ့ဆုံခြင်း)
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အကျိုးပြုအဏုဇီဝပိုး Effective Microorganism အာနိသင်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ပြည်တွင်းအနုပညာရေးရာ
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	သစ်သီးဝလံပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ(ဒူးရင်း၊ကြက်မောက်)
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	ရိုက်ကွင်းပေါ်မှအမှတ်တရများ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	နာတာရှည်ကျောက်ကပ်အလုပ်မလုပ်(သို့)အားနည်းရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာခင်မောင်ဌေး)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ကော်ဖီကိုဗဟိုပြု၍
၁၁း၁၀	မိုးလေဝသခန့်မှန်းချက်
၁၁း၁၅	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (လွယ်ကူအဆင်ပြေအချိုရည်)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၂း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၀	လေ့လာမှတ်သားစံနမူနာပြု သုတစွယ်စုံစာပေဆု
၁၂း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅	ပတ်ဝန်းကျင်ကိုအလှဆင်နေသော ရောင်စုံကွန်ကရစ် အုတ်ဘလောက်တုံးလေးများ
၁၂း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၀	တေးဂီတအစီအစဉ်
၁၂း၅၅	ငွေဆောင်ဒေသရဲ့ သရက်တော ထိုးမုန့်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

NLD ပါတီ၏ တိုင်းပြည်အတွက်အကျိုးမပြုသော၊ အလုပ်မဖြစ်သော လုပ်ဆောင်ချက်များကြောင့် ပါတီအပေါ်ယုံကြည်မှုမရှိ စဥ့်ကူးမြို့နယ်မှ ပါတီဝင်တစ်ဦးနုတ်ထွက်

ရန်ကုန် မေ ၂၃

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင် သီလျှာနေ ဦးခင်မောင်သည် မေ ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ယုံကြည်မှုမရှိ

စဥ့်ကူးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီ၏ တိုင်းပြည်အတွက် အကျိုးမပြုသော၊ အလုပ်မဖြစ်သော လုပ်ဆောင်ချက်များကို သိရှိမြင်တွေ့လာရသဖြင့် NLD ပါတီအပေါ် ယုံကြည်မှုမရှိတော့သောကြောင့် ပါတီ၌ ဆက်လက်လုပ်ကိုင်လိုစိတ်မရှိတော့ကြောင်း၊ ၎င်း၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

ဥရောပရွှေဖိနပ်ဆု မျှော်မှန်းနိုင်သူများ

ရောမ မေ ၂၃

၂၀၀၆–၂၀၀၇ဘောလုံးရာသီပြီးဆုံးတော့မည်ဖြစ်ရာ ဥရောပဘောလုံးကလပ်အသင်းများမှ တိုက်စစ်မှူးများအနက် ဥရောပဘောလုံးရွှေဖိနပ်ဆုအတွက် ရင်ခုန်စရာမျှော်လင့်ချက်များရှင်သန်နေချိန်ဖြစ်လာသည်။

ယခုနှစ်ဘောလုံးရာသီ၌ ဥရောပရွှေဖိနပ်ဆုရရှိနိုင်သည့် ဘောလုံးသမား၏ အနေအထားလည်း ရုပ်လုံးပေါ်စပြုနေပြီဖြစ်ရာ လောလောဆယ် အနေအထား၌ ဟီရန်ဗင်းအသင်းမှ တိုက်စစ်မှူး အဲလ်ဗတ်စင်က ၅၁မှတ်ဖြင့် ရှေ့ဆုံးမှ ဦးဆောင်နေသည်။

တော့တီ။
(ဓာတ်ပုံ–အင်တာနက်)

တိုက်စစ်မှူး တော့တီ

သို့သော်လည်း စီးရီးအေကလပ်ရိုးမားမှ တိုက်စစ်မှူး တော့တီကလည်း ၃၇ပွဲကစားပြီးချိန်တွင် ၂၄ဂိုးသွင်းယူထားနိုင်ပြီး ၄၈မှတ်ရရှိနေရာ ပထမနေရာမှ အဲလ်ဗတ်စ်ထက် နှစ်မှတ်သာလျော့နည်းနေသည်။

တော့တီက ဥရောပရွှေဖိနပ်ဆုကို ရယူရန် ဆန္ဒပြင်းပြလျက်ရှိနေရာ မေ ၂၇ရက်၌ နောက်ဆုံးပွဲစဉ်ဖြစ်သည့် မက်ဆီနာနှင့်ပွဲတွင် ဂိုးသွင်းနိုင်အောင်ကြိုးစားသွားမည်ဟု ကြုံးဝါးထားသည်။ တော့တီသည် ပြီးခဲ့သည့် ကက်ဂလီယာရီနှင့်ပွဲတွင်လည်း နှစ်ဂိုးသွင်းယူထားနိုင်ခဲ့သည်။ လက်ကျန်ပွဲဖြစ်သည့် မက်ဆီနာနှင့်ပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့လျှင် ဥရောပရွှေဖိနပ်ဆုကို ရရှိနိုင်သူဖြစ်သည်။

တိုက်စစ်မှူး နစ္စတယ်ရွိုင်း

ဥရောပရွှေဖိနပ်ဆုကို မျှော်မှန်းနိုင်သည့် အခွင့်အရေးရှိသူတစ်ဦးမှာ ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရွိုင်းဖြစ်သည်။ နစ္စတယ်ရွိုင်းသည် လောလောဆယ်၌ ရီးရဲမက်ဒရစ်အတွက် လာလီဂါတွင် စုစုပေါင်း ၂၂ဂိုးသွင်းယူထားသည့် တိုက်စစ်မှူးဖြစ်သည်။

နစ္စတယ်ရွိုင်းသည် ရီးရဲမက်ဒရစ်အသင်းအနေဖြင့် လာလီဂါတွင် လက်ကျန်ပွဲ သုံးပွဲကစားရန် ကျန်ရှိနေသေးရာ ၎င်းပွဲများ၌ ဂိုးများဆက်တိုက်သွင်းယူနိုင်လျှင် ဥရောပရွှေဖိနပ်ဆု ရရှိသွားနိုင်သော တိုက်စစ်မှူးဖြစ်သည်။

ရီးရဲမက်ဒရစ်သည် မေ ၂၆ရက် ၌ ဒီပို့တီဗို၊ ဇွန် ၁၀ရက်တွင် ရီးရဲဇာရာဂိုဇာနှင့် ဇွန်၁၇ရက်တွင် မာလော့ကာအသင်းများနှင့် ယှဉ်ပြိုင်ရန် ကျန်ရှိနေသည်။ ထိုပွဲများ၌ ပုံမှန်ဂိုးသွင်းလျှင် ဥရောပရွှေဖိနပ်ဆု ရရှိနိုင်သူတစ်ဦးဖြစ်သည်။

နစ္စတယ်ရွိုင်း။
(ဓာတ်ပုံ–အင်တာနက်)

ဂိုးများသွင်း

နစ္စတယ်ရွိုင်းသည် အသက်(၃၀)ရှိနေပြီဖြစ်သော်လည်း ယခုနှစ်၌ ရီးရဲမက်ဒရစ်အတွက် လာလီဂါ အပါအဝင် ချန်ပီယံလိဂ်နှင့် အခြားပွဲများ၌ စုစုပေါင်း ၃၈ ဂိုး သွင်းယူထားနိုင်ခဲ့သူတစ်ဦးဖြစ်သည်။ သို့သော်လည်း ၂၀၀၂–၂၀၀၃ ဘောလုံးရာသီတွင်မန်ယူ၌ရှိစဉ် တစ်ရာသီအတွင်း ဂိုးပေါင်း ၄၅ဂိုးသွင်းယူနိုင်ခဲ့သူ တစ်ဦးဖြစ်သည်။

ခြေမြူးလျှင်

ယခုနှစ်၌ ခြေစွမ်းအပြနိုင်ဆုံးပွဲမှာ အဝေးကွင်း၌ အိုဆာဆူနာအသင်းနှင့် ကစားသောပွဲဖြစ်ပြီး ထိုပွဲ၌ နစ္စတယ်ရွိုင်းတစ်ဦးတည်း လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် လက်ကျန်ပွဲစဉ်သုံးပွဲ၌ ဂိုးသွင်းခြေမြူးခဲ့လျှင် နစ္စတယ်ရွိုင်းလည်း ဥရောပရွှေဖိနပ်ဆုရရှိနိုင်ပေသည်။

တိုက်စစ်မှူး ကနူးတေး

ဥရောပရွှေဖိနပ်ဆုကို မျှော်မှန်းနိုင်သည့် နောက်ထပ်တိုက်စစ်မှူးတစ်ဦးမှာ ဆီဗီလာတိုက်စစ်မှူး ကနူးတေးဖြစ်သည်။ အသက်(၂၉)နှစ်အရွယ်ရှိ ကနူးတေးသည် ယခုနှစ် ဘောလုံးရာသီ၌ လာလီဂါတွင် ဆီဗီလာအတွက် ၃၅ပွဲကစားပြီးချိန်တွင် စုစုပေါင်းဂိုး၂၀ သွင်းယူပေးထားသည်။

ဂိုးအများဆုံးသွင်းနိုင်

စပါးအသင်း တိုက်စစ်မှူးဟောင်း ကနူးတေးသည် ယခုနှစ် လာလီဂါ အပြင် ယူအီးအက်ဖ်အေဖလား၊ ကိုပါဖလားနှင့် အခြား နိုင်ငံတကာချစ်ကြည်ရေးပွဲစဉ်များအပါအဝင် စုစုပေါင်း ၂၉ဂိုးသွင်းယူထားနိုင်ခဲ့သည်။ ကနူးတေးအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီများထက် ယခုနှစ်သည်ဂိုးအများဆုံးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ လာလီဂါ၌ ခြေစွမ်းအပြနိုင်ဆုံးပွဲများမှာ အက်သလက်တီကိုနှင့် အိမ်ကွင်း၌ ကစားခဲ့သောပွဲတွင် နှစ်ဂိုး၊ ဒီပို့တီဗိုနှင့် အိမ်ကွင်း၌ ကစားခဲ့သောပွဲတွင် နှစ်ဂိုး၊ ရီးရဲဘက်တစ်နှင့်

ကနူးတေး။
(ဓာတ်ပုံ–အင်တာနက်)

အိမ်ကွင်း၌ကစားခဲ့သောပွဲတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ခြေစွမ်းပြရန်လို

ဆီဗီလာသည် လက်ကျန်ပွဲစဉ်အဖြစ် ဇာရာဂိုဇာ၊ မာလော့ကာနှင့် ဗီလာရီးရဲအသင်းတို့နှင့်ကစားရန် ကျန်ရှိနေရာ ၎င်းပွဲစဉ်များ၌ ကနူးတေး ခြေစွမ်းပြဂိုးသွင်းနိုင်လျှင် ဥရောပရွှေဖိနပ်ဆုကို ရရှိနိုင်သည်။

တိုက်စစ်မှူး မိုလီတို

နောက်တစ်ဦးမှာ ဇာရာဂိုဇာအသင်းမှ တိုက်စစ်မှူး မိုလီတိုဖြစ်သည်။ မိုလီတိုသည် လောလောဆယ်၌ ဇာရာဂိုဇာအတွက် လာလီဂါတွင် ဂိုးပေါင်း ၂၀ သွင်းယူပေးထားသည်။ အသက်(၂၇)နှစ်အရွယ်ရှိ မိုလီတိုသည် ပြီးခဲ့သည့်နှစ်ကလည်း လာလီဂါ၌ ဇာရာဂိုဇာအတွက် ဂိုး ၂၀သွင်းယူပေးထားနိုင်သူဖြစ်သည်။

ဇာရာဂိုဇာသည် လာလီဂါတွင် လက်ကျန်သုံးပွဲကစားရန် ကျန်ရှိနေသေးရာ ထိုပွဲစဉ်များ၌ ခြေစွမ်းပြ ဂိုးသွင်းနိုင်လျှင် ဥရောပရွှေဖိနပ်ဆုရရှိနိုင်လေသည်။

မိုလီတို။
(ဓာတ်ပုံ–အင်တာနက်)

မျှော်မှန်း၍မရ

ပရီမီယာလိဂ်မှ ဂိုးအများဆုံးသွင်းယူထားသူ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာမှာ ယခုနှစ်၌ ဂိုး၂၀သွင်းယူခဲ့သော်လည်း ပရီမီယာလိဂ်ပွဲစဉ်များပြီးဆုံးခဲ့ပြီဖြစ်သဖြင့် ဥရောပရွှေဖိနပ်ဆုကို မျှော်မှန်း၍ မရနိုင်တော့ချေ။ ။

(ကိုးကား–အင်တာနက်)

ကိုးကားရေးသားသူ
မောင်မောင်မြင့်ဆွေ

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ရော့ဆင်အား ရှက်ဖီးအသင်းက မန်နေဂျာအဖြစ်ခန့်အပ်

လန်ဒန် မေ ၂၃

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘရိုင်ယန်ရော့ဆင်သည် ရှက်ဖီးယူနိုက်တက်အသင်း၏ မန်နေဂျာသစ်ဖြစ်လာသည်။

အသက်(၅၀)ရှိ ရော့ဆင်သည် ပရီမီယာလိဂ်မှ တန်းဆင်းခဲ့ရသော ရှက်ဖီးအသင်းကို ဝါနော့ထံမှ လွှဲပြောင်းယူခဲ့သည်။

ရှက်ဖီးအသင်းမန်နေဂျာဖြစ်လာသည့် ဘရိုင်ယန်ရော့ဆင်။ (ဓာတ်ပုံ–အင်တာနက်)

ဝမ်းမြောက်

မိမိအား ရှက်ဖီးမန်နေဂျာသစ်အဖြစ် ရွေးချယ်ခံရ၍ ဝမ်းမြောက်မိကြောင်း၊ ရှက်ဖီးအသင်းသည် အသင်းကောင်းတစ်ခုဖြစ်ကြောင်း၊ ပရီမီယာလိဂ်သို့ ပြန်ရောက်နိုင်သည့် အသင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အလုပ်မလုပ်

ရော့ဆင်သည် မစ်ဒယ်ဘရော့အသင်းကို ကိုင်တွယ်ခဲ့သူဖြစ်သည်။ ၎င်းသည် ပြီးခဲ့သော စက်တင်ဘာလက ဝက်စ်ဘရွန်းမှ ထွက်ခဲ့သည်။

ရော့ဆင်သည် အတွေ့အကြုံရင့်ကျက်သည့် မန်နေဂျာဖြစ်ပြီး ပရီမီယာလိဂ်အသင်းသို့ ပြန်ရောက်အောင် လုပ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရှက်ဖီးအသင်းဥက္ကဋ္ဌ ကီဗင်မက္ကာဘီက ပြောကြားသည်။

(အင်တာနက်)

အာဆင်နယ်တိုက်စစ်မှူး အဒီဘာယော အသင်းနှင့် ထပ်မံစာချုပ်

အာဆင်နယ်တိုက်စစ်မှူး အဒီဘာယော။
(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် မေ ၂၃

အာဆင်နယ်အသင်း တိုက်စစ်မှူး အဒီဘာယောသည် အာဆင်နယ်အသင်းနှင့် ထပ်မံ စာချုပ် ချုပ်ဆိုလိုက်သည်။

စာချုပ်

အဒီဘာယောသည် အာဆင်နယ်အသင်းနှင့် ကာလရှည် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်ဟု ဆိုသည်။ ၎င်းသည် ပြီးခဲ့သောဘောလုံးရာသီက အသင်းတွင် ပုံမှန်ကစားခွင့်ရလာပြီး ပွဲပေါင်း ၄၄ပွဲ ပါဝင်ကစားရာတွင် ၁၂ဂိုး သွင်းယူပေးခဲ့သည်။

ပြောင်းရွှေ့

အသက် (၂၃) နှစ်ရှိ ကွန်ဂိုလက်ရွေးစင်တိုက်စစ်မှူးဖြစ်သည့် အဒီဘာယောသည် ၂၀၀၆ခုနှစ် ဇန်နဝါရီလက ပြင်သစ်အသင်း မိုနာကိုမှ အာဆင်နယ်သို့ ပေါင်သုံးသန်းဖြင့် ပြောင်းရွှေ့လာခြင်း ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သော ကမ္ဘာ့ဖလားတွင် ကွန်ဂိုအသင်းကို ဦးဆောင်ကစားခဲ့သည့် တိုက်စစ်မှူးဖြစ်သည်။ ၎င်းသည် နိုင်ငံတကာပွဲပေါင်း ၃၆ပွဲ ပါဝင်ကစားခဲ့ရာ စုစုပေါင်း ၁၅ ဂိုး သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

အဒီဘာယောသည် ပြီးခဲ့သောပရီမီယာလိဂ်တွင် ဂိုးသွင်းစွမ်းရည်ကြောင့် အာဆင်နယ်၌ ပုံမှန်ကစားခွင့်ရလာခဲ့သည်။

(အင်တာနက်)

ရေးသားသူ–မြင့်မောင်စိုး

တော့တင်ဟမ်နှင့် စာချုပ်ခဲ့သည့် မီဒို ဆုံးဖြတ်ချက်မှားခဲ့ဟုဆို

လန်ဒန် မေ ၂၃

တော့တင်ဟမ်အသင်းတွင် အမြဲတမ်းစာချုပ်ချုပ်ဆို၍ မကစားသင့်ကြောင်း တိုက်စစ်မှူး မီဒိုက ၎င်း၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် (၂၄)နှစ်ရှိ အဆိုပါတိုက်စစ်မှူးသည် ရိုးမားအသင်းမှ ပြောင်းရွှေ့ကစားသူဖြစ်သည်။ လွန်ခဲ့သောတစ်နှစ်က တော့တင်ဟမ်သို့ မရောက်မီ ၎င်းသည် ရိုးမား၌ ကစားနေသူဖြစ်သည်။

မီဒိုသည် အီဂျစ်လက်ရွေးစင် ကစားသမားဖြစ်ပြီး ယခုနှစ်ပရီမီယာလိဂ်တွင် တော့တင်ဟမ်အသင်း၌ ပထမပွဲအစ ပြိုင်ပွဲခုနစ်ပွဲသာကစားခဲ့ရသည်။

၎င်းသည် ဒဏ်ရာရရှိထားမှုများကြောင့် အခြားသောတိုက်စစ်မှူးများနှင့် ယှဉ်ပြိုင်နေရသဖြင့် အသင်း၌ နေရာမရဖြစ်ခဲ့ရသည်။

တော့တင်ဟမ် တိုက်စစ်မှူး မီဒို။
(ဓာတ်ပုံ– အင်တာနက်)

ပျော်ရွှင်မှုမရှိ

မိမိသည် တော့တင်ဟမ်အသင်း၌ ကစားရသည်မှာ ပျော်ရွှင်မှုမရှိကြောင်း၊ အမြဲတမ်းကစားရန် စာချုပ်ခဲ့မိသဖြင့် မှားယွင်းသောအလုပ်ကို လုပ်မိကြောင်း ၎င်းက အီဂျစ်ရုပ်မြင်သံကြားသို့ ပြောကြားသည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **လွန်ခဲ့သောနှစ်လက ပခုံးဒဏ်ရာကြောင့် အနားယူခဲ့သော ကမ္ဘာ့နံပါတ်(၂) တင်းနစ်အားကစားမယ် မာရီယာရှာရာပိုဗာသည် အစ္စတန်ဘူလ်ဖလား ပြိုင်ပွဲတွင် ဘူလ်ဂေးရီးယားမှ ပီရွန်ကိုဗာအား ၆–၄၊ ၇–၁ ဖြင့် အနိုင်ရခဲ့သည်။**

* မန်စီးတီးနောက်တန်းလူ ဒစ်စတင်သည် အသင်း၌ ငါးနှစ်ကြာ ကစားခဲ့ပြီးနောက် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသော်လည်း အသင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

* **ရက်ဒင်းနည်းပြ ကီဗင်ဒီလ်လွန်သည် အသင်းနှင့် နှစ်နှစ်စာချုပ်သစ် ချုပ်ဆိုလိုက်သည်။**

* ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းတွင် ပြန်လည်ပါဝင်ကစားခွင့်ရရှိနိုင်ကြောင်း အာဆင်နယ်တိုက်စစ်မှူး အွန်နရီက ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ **(အင်တာနက်)**

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သမီးလေး **သဲနုစန္ဒီ** (Grade X အထက-၄၊ တောင်ကြီးမြို့)၏ ၂၄-၅-၂၀၀၇ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဖေဖေ၊ မေမေ၊ မမ၊ ကိုကိုတို့နှင့်အတူ ပျော်ရွှင်အေးချမ်းပြီး အများအကျိုးထမ်းဆောင်နိုင်သည့် ထူးချွန်လိမ္မာသော သမီးရတနာလေး ဖြစ်စေသား။

ချစ်ဖေဖေကြီး
ချစ်မေမေကြီး
ချစ်မမလေး အေးခန့်ဘုန်းပြည့်
ချစ်ကိုကိုကြီး ရဲမြန်မာအောင်
တောင်ကြီးမြို့။

အမည်ပြောင်း

ဦးဇော်ဝင်း-ဒေါ်သူဇာတို့၏ သမီး နမ့်စန်မြို့ အထကကျောင်း၊ ပဋ္ဌမတန်းမှ မသဥ္ဇာသိမ့်ဆုဇော်အား မဆုလှဲ့နှင်းဟု ပြောင်းလဲခေါ်ပါရန်။

မဆုလှဲ့နှင်း ပဋ္ဌမတန်း၊ နမ့်စန်မြို့။

အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(င)မှ အဖ ဦးထွန်းမြင့်ထွေး၏သား မောင်သက်အောင်ကိုကိုအား ယနေ့မှစ၍ မောင်အောင်သက်ဦးဟုပြောင်းလဲခေါ်ပါရန်။ **မောင်အောင်သက်ဦး။**

အမည်ဖြည့်စွက်ခေါ်ပါရန်

သုံးခွမြို့နယ် ရေချိုစုရွာနေ အဖ ဦးသောင်းဟန်၏ သမီးမဝင်းပပဟန် ၁၂/သခန(နိုင်)၀၇၆၉၆၆အား မပပဝင်း(ခ)မဝင်းပပဟန်ဟု ဖြည့်စွက်ခေါ်ပါရန်။ **မပပဝင်း(ခ)ဝင်းပပဟန်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်ဝင်းလှိုင်၏ နိုင်ငံကူးလက်မှတ် အမှတ် PP ၄၈၇၀၁၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၇၂၅၂၅၈။**

ဓါနုဝင်းနှင့်ရောင်းရင်းများ ဘုရားဖူးအဖွဲ့

▲ပုဂံခရီးစဉ်၊▲မန္တလေးခရီးစဉ်၊▲တောင်ကြီးခရီးစဉ်▲မြန်မာပြည်အနှံ့ခရီးစဉ် (သောကြာနေ့တိုင်းထွက်မည်)၊▲မြဝတီ-မဲဆောက်ခရီးစဉ်(May 25)၊▲ မူဆယ်ခရီးစဉ် (25.5.07) ကျိုက်ထီးရိုး(အင်္ဂါ၊သောကြာ) ရွှေဆောင်းသာ(အင်္ဂါ၊သောကြာ) ▲ဇလွန်(တနင်္ဂနွေ)၊ စီးလုံးငှားအော်ဒါလက်ခံသည်။ ကြိုတင်လက်မှတ်ရောင်းပြီ။ အမှတ်(၂၃၅)ပန်းဆိုးတန်းလမ်း။ 249871, 09-51 37245,09-99 72025

ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း

အောင်ချမ်းမြေ့

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။ သက်သာမှန်ကန်သောနှုန်းထားသာယူသည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သောသူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေး ကူညီမည်။ အလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ တစ်ယောက်ထိုင်ခုံနှင့် သန့်ရှင်းသောသင်တန်းခန်းများ၊ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသည်။ ကြိုတင်စာရင်းသွင်းပါ။

အောင်ချမ်းမြေ့ သင်တန်းကျောင်းမှ တာဝန်ရှိသူများသည် မိမိအကျိုးထက် သင်တန်းတက်နေသူများ၏ အကျိုးကို အစဉ်အမြဲ ဦးစားပေးမှုကြောင့် အစဉ်အလာကောင်းသော သင်တန်းကျောင်းဟု ပြောဆိုဝေဖန်မှုအတွက် ကျေးဇူးပဲ။ စေတနာရှေ့ထား၍ ကူညီနေမှာပါ။

- * အပတ်စဉ်(၁၀၅) ၃၀-၅-၂၀၀၇ စမည်။ နှစ်လအပြတ်သင်တန်း။
  ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
  တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး (မှတ်ချက်။ ကျန်ရက်များပိတ်ရက်)
  Section (1)AM 8:00 to 11:30 (၁၅)ဦး
  Section (2)PM 9:00 to 12:30 (၁၅)ဦး
  Section (3)PM 12:30 to 4:00 (၁၅)ဦး
- * အပတ်စဉ်(၁၀၆) ၂-၆-၂၀၀၇ စမည်။ နှစ်လအပြတ်အထူးသင်တန်း။
  ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
  စနေ၊ တနင်္ဂနွေနေ့ နှစ်ရက်တည်းသာ(မှတ်ချက်။ ကျန်ရက်များပိတ်ရက်)
  Section (1)AM 8:00 to 11:30 (၁၅)ဦး
  Section (2)AM 12:30 to 4:00 (၁၅)ဦး
- * အပတ်စဉ်(၁၀၇) ၃-၆-၂၀၀၇ရက်စမည်။ သုံးလသင်တန်း
  ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
  တနင်္ဂနွေ တစ်ရက်တည်းသာ(မှတ်ချက်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်)
  Section (1)AM 8:00 to 12:30 (၁၅)ဦး
  Section (2)PM 12:30 to 5:00 (၁၅)ဦး
- * အပတ်စဉ်(၁၀၈) ၄-၆-၂၀၀၇ စမည်။ တစ်လအပြတ်အထူးသင်တန်း။
  ဆေးဝါးကျွမ်းကျင်အကူ/သူနာပြု အကူသင်တန်း
  တနင်္လာမှ သောကြာနေ့စဉ် (မှတ်ချက်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်)
  Section (1)AM 8:00 to 11:30 (၁၅)ဦး
  Section (2)PM 9:00 to 12:30 (၁၅)ဦး
  Section (3)PM 12:30 to 4:00 (၁၅)ဦး

အမှတ်(၁၆)၊ တတိယထပ် (ပွင့်ရွှေလင်း တာယာနှင့်အလှိုင်းဗိုးရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်အနီး။
ဖုန်း-၀၉-၅၁၄၆၀၅၇၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃
(am-7:00 to pm-9:00) ပိတ်ရက်မရှိပါ
http;// www.acmnursingtraining.com

ထိုက် သူ ရ မည်

လသာမြို့နယ်၊မဟာဗန္ဓုလလမ်းအနီး900 sf,Roomtype ပြင်ဆင်ပြီးရေမီးကိုယ်ပိုင်တိုက်သစ် 5Fl/6Fl 250/220 တောင်ဥက္ကလာသစ္စာလမ်းမအနီး၊(၇)ရပ်ကွက်၊လမ်းကျယ် 24' x 60'မြေနှင့်နှစ်ထပ်အိမ် 2" အဝိစိတွင်းပါ။ 220
Ph : 099972625 , 095008517

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နေ ဦးသောင်းရှိန်-ဒေါ်နန်းဝင်းကြူတို့၏သား
စိုင်းကျော်ကျော် B.Sc (I.R)
Thet Paing Soe Co., Ltd.
နှင့်
ရန်ကုန်မြို့၊ ငါးမိုင်ခွဲ၊ ဘဏ်ရိပ်သာနေ ဦးဟက်တာညွှန့်(ဦးစီးအရာရှိ၊ လဝက၊ ငြိမ်း)-
ဒေါ်မြင့်မြင့်သန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုဘဏ်)တို့၏သမီး
မနှင်းဝတ်ရည် B.A (B.M)
ကမ္ဘောဇဘဏ်(ကမာရွတ်ဘဏ်ခွဲ)

တို့၏ ၁၂-၅-၂၀၀၇ ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံအလှူတော်မင်္ဂလာခန်းမ၌ ကျင်းပသည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွှန့်၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး၊ ဦးကျော်မြင့်(အငြိမ်းစားသံအမတ်ကြီး)နှင့် ဇနီး ဒေါ်ဝင်းဝင်းညွှန့်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သက်ပိုင်စိုးကုမ္ပဏီလီမိတက်နှင့် ကမ္ဘောဇဘဏ်လီမိတက်မှ ဝန်ထမ်းများအားလည်းကောင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံမှ ဝန်ထမ်းမိသားစုများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
စိုင်းကျော်ကျော်-မနှင်းဝတ်ရည်။

မော်နီတာအပျက်ဝယ်သည်

ကွန်ပျူတာ(မော်နီတာ)အပျက်များ
အိမ်တိုင်ရာရောက် ဝယ်ယူလိုပါသည်။
ဆက်သွယ်ရန် ဖုန်း-၅၂၆၈၉၈။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မချိုချိုလွင် ၁၂/လသန(နိုင်)၀၀၁၇၆၂သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးများအား စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာထိခိုက်အောင် အကြိမ်ကြိမ်ပြုလုပ်နေ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်း၏ကိစ္စအဝဝနှင့် ပတ်သက်သည့်ကိစ္စများအား လုံးဝ(လုံးဝ)တာဝန်မယူပါ။

မိခင်-ဒေါ်နှင်းရီ ၁၂/ဗတထ(နိုင်)၀၂၄၅၂၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်မင်းလတ် မအူပင်မြို့ ၁၄/မအပ(နိုင်)၁၄၇၇၅၄ အမည်ပေါက် သစ်တောဦးစီးရုံးချုပ် သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန၏ ၁၂-၇-၂၀၀၆ရက်စွဲပါ စာအမှတ်-NC/အခ/၀၀၂၀၇(၆၅၀၈-၀၉/၀၆) ဒုတိယညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းအနောက်ပိုင်း၊ ပြည်မြို့၏ ၁၀-၈-၂၀၀၆ရက်စွဲပါ စာအမှတ် ၁၆/၁၈ လျှို့ဝှက်စာအုပ်နံပါတ် ၆၂၅၄ ဖမ်းဆီးသစ်နှင့် သစ်တောထွက် ပြေစာလက်မှတ်နံပါတ် ၃၁၂၈၂ ပြည်သစ်တောခရိုင် ၂၀၀၆-၂၀၀၇ ပန်းတောင်းမြို့နယ် လေလံအမှတ် ၁/၂၀၀၆-၂၀၀၇လပ်ပိုံ အမှတ်(၄)ပုံစံ(၈)ကျွန်း ပွဲထောင်(၃၂ပေX ၃ပေX၅ ၁/၂ ပေ)နှင့် လပ်ပိုံ အမှတ်(၁)ပုံစံ (၈)ကျွန်းလှေ (၁၇ပေX ၃ပေ X ၁ ၁/၂ ပေ)တို့၏ မူရင်းလေလံစာရွက်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၄၅-၃၀၅၀၂သို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပေးပါ။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဇော်မင်းထွန်းပိုင် စ/၁၉၅၆၏ အမြတ်ခွန် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၅၄၉၉၆၉။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အေးကျော် PP No-329534 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၅၄၃၉၁၃ သို့ အကြောင်းကြားပါ။

မင်္ဂလာဆုတောင်း

ကိုသက်မောင်စန်း နှင့် မနှင်းအိဝင်း

သားနှင့်သမီးတို့ရဲ့(၂၀-၅-၂၀၀၇)ရက် မင်္ဂလာဦးမှစ၍ နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုးပြုနိုင်စေရန် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဖေဖေ နှင့် မေမေ
၃၇(အေ)၊ အင်းလျားမြိုင်လမ်း။

စိတ်ကူးချိုချိုစာအုပ်တိုက်

ကလေးများအတွက်စာအုပ်၊ လူငယ်များအတွက်စာအုပ်၊ မိသားစုအတွက်စာအုပ်
လုပ်ငန်းခွင်အတွက်စာအုပ်၊ စာသမားများကြိုက်စာအုပ် • • • မျိုးစုံ

စာအုပ်လျှော့နှုန်းဈေးရောင်းပွဲ

စာအုပ်အားလုံး တစ်ဦးချင်း ၁၅%၊ ကိုယ်စားလှယ် ၂၀%လျှော့ဈေး

အင်္ဂလိပ်စာ၊ကျန်းမာရေး၊စီးပွားရေး၊အောင်မြင်တိုးတက်ရေး၊သမိုင်း၊အတတ်ပညာ၊စာပေရေးရာ၊ဂန္ထဝင် သုတနဲ့ရသစာအုပ်အသစ်တွေလည်းပါတယ်။ အမှတ်တရလက်ဆောင်တွေလည်းပေးနေပါတယ်။

၂၀၀၇မေလ ၂၄ ရက် ကြာသပတေးနေ့မှ ဇွန်လ ၁ ရက် သောကြာနေ့အထိ
မနက် ၉နာရီမှ ညနေ ၅နာရီအထိ၊ လောကနတ်အနုပညာဆိုင်ခန်း၊ ပန်းဆိုးတန်းလမ်းအောက်ဘလောက်၊ ရန်ကုန်မြို့။

၂၅-၅-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း-၂၄၆၈၄၂၊ ၂၄၆၈၄၃	အမေနှင့်သမီးများ	[illegible]
သွင် ဖုန်း-၃၇၂၉၄၄၊ ၇၁၂၅၈၂	အမေနှင့်သမီးများ	[illegible]
မင်္ဂလာ ဖုန်း-၂၇၃၀၅၇၊ ၂၇၃၀၅၅	အမေနှင့်သမီးများ	[illegible]
ရွှေဆောင် ဖုန်း-၇၀၃၇၇၉၊ ၂၅၂၀၃	300	GERARD BUTLER, LENA HEADEY DAVID WENHAM, DOMINIC WEST
နေပြည်တော် ဖုန်း-၂၅၂၁၇၊ ၂၅၂၂၀	SHOOTER	MARK WAHLBERG, MICHAEL PENA DANNY GLOVER, KATE MARA
ဝင်းလိုက်(မန္တလေး) ဖုန်း-(၀၂)၃၃၁၁၂၂၊ ၆၀၂၂၁	အမေနှင့်သမီးများ	[illegible]
မြို့မ(မန္တလေး) ဖုန်း-(၀၂)၃၃၁၃၃၇၊ ၃၈၇၃၃	အမေနှင့်သမီးများ	[illegible]

ပွဲချိန် သတိ (နေ့စဉ်) ၁၀:၀၀ နာရီ ၊ ၁၂:၃၀ နာရီ ၊ ၃:၃၀ နာရီ ၊ ၆:၃၀ နာရီ ၊ ၉:၃၀ နာရီ

ပျောက်ဆုံးခြင်း

မော်တော်ယာဉ်အမှတ်(ထ/၂၁၀၄)၏ အခွန်အကျေစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၉၉-၂၈၀၉၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသန်းဝင်းပိုင် ဘ/၄၄၁၅၈၏ အမြတ်ခွန်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၅၄၅၃၆၆။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း နယ်လှည့်ကုသမှုနေရာတိုးချဲ့

ရန်ကုန် မေ ၂၃

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ စုပါဝမ်း တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၏ရပ်ကွက်အလိုက်စုရပ်ထားရှိကာ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ဖြင့် အပတ်စဉ် တနင်္ဂနွေနံနက်တိုင်း ဝေဘာဂီလမ်း မြောက်ဥက္ကလာပ၊တနင်္လာနေ့ နံနက်တိုင်း သုဝဏ္ဏ (၂၉)ရပ်ကွက် ကောက်လျင်လမ်းနှင့်(၂၄)ရပ်ကွက် ရေနံ့သာလမ်း၊ ဗုဒ္ဓဟူးနေ့ နံနက်တိုင်း မင်္ဂလာဒုံ ၁/ကရပ်ကွက်၊ ၂/ကရပ်ကွက်၊ သောကြာနေ့ နံနက်တိုင်း ကြည့်မြင်တိုင် ထီးတန်းဈေးနှင့် စမ်းချောင်း မုန့်လက်ဆောင်းကုန်းရပ်၊ စနေနေ့ နံနက်တိုင်း တစ်ပတ်ခြားစီ မှော်ဘီနှင့် တောင်ဥက္ကလာပ (၁၂)ရပ်ကွက်၊ မာဃလမ်းတို့ကိုလှည့်လည်လျက်ရှိပြီး မေ ၂၄ရက်မှစ၍ အပတ်စဉ်ကြာသပတေးနေ့တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက် ရတနာမဏ္ဍူ ဓမ္မရိပ်သာ၌ စုရပ်ထားရှိ၍လည်းကောင်း၊ အင်္ဂါနေ့တိုင်း သန်လျင်မြို့ မဟာမဇ္ဈိမာရုံ ပရိယတ္တိစာသင်တိုက်၌စုရပ်ထား၍လည်းကောင်း နယ်လှည့်ကုသမှုနေရာ တိုးချဲ့မည်ဖြစ်သည်။

လှူဒါန်းနိုင်

အလှူငွေ ဆေးနှင့်ဆေးပစ္စည်းများ ပါဝင်လှူဒါန်းလိုပါက ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၅)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၃-၅-၂၀၀၇

မိုးကောင်း	၅ ဒသမ ၄၃ လက်မ
ဘားအံ	၃ ဒသမ ၁၅ လက်မ
ထားဝယ်	၂ ဒသမ ၂၈ လက်မ
မြစ်ကြီးနား	၁ ဒသမ ၇၇ လက်မ

ပဲခူးတိုင်း ရွှေကျင်မြို့နယ်တွင်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍အပြစ်မဲ့ပြည်သူတစ်ဦးခြေထောက်ပြတ် ဒဏ်ရာရရှိခဲ့

နေပြည်တော် မေ ၂၃

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ မေ ၁၉ရက် နံနက် ၁၁နာရီက ရွှေကျင်မြို့နယ် ဘုရားကြီးကျေးရွာနေ ဦးညွှန့်လှိုင်၏သား မျိုးမင်းလတ် အသက်(၁၈)နှစ်သည် အဖော်ဖြစ်သူ ကျော်ဦးနှင့်အတူ ဟင်းသီးဟင်းရွက်ခူးရန် တောတွင်းသို့သွားရောက်စဉ် ကျောက်ဝဲတောင်အနီး၌ သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ မျိုးမင်းလတ်၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်အထက်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် မျိုးမင်းလတ်အား သက်ဆိုင်ရာတာဝန်ရှိသူများက ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖခင်ကြီး ဦးဘမောင်နှင့် မိခင်ကြီး ဒေါ်စောရင်တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဦးဝိစာရ အိမ်ရာ တိုက် ၂၆ အခန်း(၆) နေ ဦးနီအောင်-ဒေါ်လှလှသွယ် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၅၀၀၀ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာကြည့်တိုက်နှင့်ရုံး အုတ်မြစ်ချပွဲကျင်းပ

မတ္တရာ မေ ၁၅

မတ္တရာမြို့နယ် လင်းမြွေချောင်းကျေးရွာတွင် စာကြည့်တိုက်နှင့် ရုံးအုတ်မြစ်ချပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၇နာရီက မန္တလေး-မတ္တရာ ကားလမ်းမအရှေ့ဘက်ရှိ မြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာ အချိန်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးခင်မောင်စိုးက စတင်၍အုတ်မြစ်ချပေးပြီး မြို့နယ်အတွင်းရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဝင်း၊ တွဲဖက်အတွင်းရေးမှူးဦးစန်းဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆန်းဦးတို့က အုတ်မြစ်ချပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ဗားကရာတောရသီလရှင်စာသင်တိုက်နေ ဒေါ်ပညာဝတီ၊ ဒေါ်ဥတ္တမဉာဏီနှင့် တပည့်များက ကျောင်းအလှူငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံယူပြီး ကျောင်းအကျိုးတော်ဆောင်ဆရာတော် အရှင်ဂန္ဓသာရ (မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသိမ်တော်ကြီးကျောင်း)က ဂုဏ်ပြုလွှာပြန်လည် ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပန်းတောင်း၌ အခြေခံ ကြံ့ခိုင်ရေး သင်တန်းဆင်း

ပန်းတောင်း မေ ၃

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၇ရက် နံနက် ၈ နာရီက မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်တင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းဆင်းလက်မှတ်များကို ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဇော်က ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

စာကြည့်တိုက်အဆောက်အအုံနှင့် ပရိဘောဂရရှိရေးဆွေးနွေး

ကောလင်း မေ ၁၂

ကောလင်း မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ စာထောက်(၃) ဦးစိုးအေး၊ ဓာတ်ပုံကျွမ်းကျင် ဦးအောင်ကျော်စိုး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်တို့သည် မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဧပြီလအတွင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့သည် ကောလင်းမြို့နယ် ဥမှင်ကုန်းအုပ်စု၊ ရေကန်သာအုပ်စုနှင့်ကုက္ကိုကုန်းအုပ်စုများရှိ ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာစာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက်မှူး၊ စာကြည့်တိုက် အမှုဆောင်များ၊အသင်းဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာအုပ်စာစောင်၊ဂျာနယ်၊သတင်းစာများ တိုးပွားရရှိစေရေး၊ ရရှိပြီးစာအုပ်များကို မှတ်တမ်းတင်စာအုပ်ဖြင့် စနစ်တကျ မှတ်ပုံတင် ထားရှိရေး၊ စာဖတ်သူ၊ ငှားရမ်းသူများတိုးပွားစေရေး၊ ထာဝရ ငွေပဒေသာပင် စိုက်ထူထားရှိရေးနှင့် စာကြည့်တိုက် အဆောက်အအုံ ပရိဘောဂ ပြည့်စုံရေးတို့ကို တွေ့ဆုံ ဆွေးနွေးကြသည်။ (၀၂၆)

သုဝဏ္ဏဝတီ ရွှေကျောင်းတော်အတွက် ငွေလှူဒါန်း

ပိန်းဇလုပ် မေ ၁၀

ပိန်းဇလုပ်မြို့ သုမင်္ဂလာရာမပရိယတ္တိစာသင်တိုက်အတွင်း ပြန်လည်ပြုပြင်နေသော သုဝဏ္ဏဝတီ သုံးထပ်ရွှေကျောင်းတော်ကြီးအတွက် ဦးလုံးစိမ်းအားရည်စူး၍ ဒေါ်လှယဉ် မိသားစုက ငွေကျပ်သုံးသိန်း **(အပေါ်ပုံ)**၊ ကိုဇော်ဌေး-မဘိုမက အလှူငွေကျပ်တစ်သိန်း၊ ဦးကျော်ညွန့်-ဒေါ်ပုမိသားစု၊ ဦးသိန်းထွန်း- ဒေါ်မြင့်မြင့်နွယ် မိသားစုက ဦးသိန်းထွန်း (၆၀)ပြည့်မွေးနေ့၊ ဖခင်ကြီး ဦးရင်တိတ်-မိခင်ကြီး ဒေါ်တူပို့တို့အား ရည်စူး၍ ဒေါ်ရှုကီး၊ ဒေါ်ရှုတင်မောင်နှမတစ်စုတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးလွန်း-ဒေါ်ကျင်ကွေး မိသားစုက ငွေကျပ် ငါးသောင်းငါးထောင်၊ မော်လမြိုင်မြို့နေ ဒေါက်တာသိန်းဦး-ဒေါ်အေးအေးစမ်း မိသားစု၊ ကိုလင်းလင်း-မတင်တင်လှတို့က မတင်တင်လှ (၃၈) နှစ်မြောက်မွေးနေ့၊ ဒေါ်ခွေး (၂၄)နှစ်မြောက်အား ရည်စူး၍ ဦးစိန်ဝင်း-ဒေါ်စန်းစန်းဝင်းမိသားစုတို့က ငွေကျပ် ငါးသောင်းတို့ကို စုပေါင်း၍ ပဓာနဆရာတော်ကိုယ်စား စာချဆရာတော် ဦးပဝရအား ဆက်ကပ်လှူဒါန်းကြသည်။

<u>လှူဒါန်းနိုင်</u>

အလှူရှင်များ ပါဝင်လှူဒါန်းလိုပါက ကိုမင်းလွင် ဖုန်း-၅၄၃၄၂၄၊ ကိုဝင်းကျော် ဖုန်း-၀၉-၅၁-၀၈၇၆၉ နှင့် ဒေါ်ပြုံးကြည် ဖုန်း-၆၆၆၁၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တံခါးမြို့မဈေးတွင် ဧပြီ ၂၆ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်၍ ဈေးတာဝန်ခံ ဦးစိုးမင်းနှင့်ဝန်ထမ်းများ၊ ဈေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦးနှင့်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့ ပြင်ဦးလွင်၌ကျင်းပ စွမ်းရည်သရုပ်ပြသ၊ ဆုများချီးမြှင့်ပေးအပ်

ပြင်ဦးလွင် မေ ၁၄

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ၅ရက်က ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံ မြေတိုင်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မြို့နယ်နှင့်ရပ်ကွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက မီးသတ်တပ်ဖွဲ့နေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်ကြီးများမှ ဆုရရှိသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အလှူရှင်များအား ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည် သရုပ်ပြသကြကြောင်း သိရသည်။ **(၂၈၀)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်း သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မန္တလေးဘက် မြို့ဝင်ဆိုင်းဘုတ်တွင် မြေခင်းအလှပြုပြင်ရန် မြေပြုပြင်မှု အခြေအနေကို မေ ၇ ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဇော်လင်းအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဧပြီ ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဦးစီးအရာရှိ ဒေါ်ခိုင်ရွှေဝါတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

24-5 (15) 1 5/23/07, 1:00 PM

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

Civil Service Selection and Training Board

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၅ / ၂၀၀၇
၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၀၇ ခုနှစ်၊ မေ လ ၂၁ ရက်)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက်လျှောက်လွှာများ အလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ (မြေဆီလွှာ)	စိုက်ပျိုးရေးသိပ္ပံဘွဲ့ (သို့မဟုတ်) စိုက်ပျိုးရေးပညာဘွဲ့	၄ နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၄ - ၆ -၂၀၀၇ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) လုပ်ငန်းသဘာဝအရ **အမျိုးသား** ဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၁၄ - ၆ -၂၀၀၇ နေ့ အရောက် ပေးပို့ရမည်။ လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင် ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမြန်ချောပို့ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့် ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀၀ိ/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက် များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆ - ၁ -၂၀၀၇ ရက်စွဲပါ စာအမှတ်၊ ၁၅၅/ရွေးချယ်ရေး(အဓိက)/၂၀၀၇ ဖြင့် ထုတ်ပြန်ထားသော ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက် (ပြင်ဆင်ချက်)စာစောင်ပါ သတ်မှတ်ချက် များနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်** တွင် ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်း လျှောက်လွှာတစ်စောင်ကို မိမိ တာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၁၄ - ၆ - ၂၀၀၇ နေ့ အရောက်ပေးပို့ရမည်။ လျှောက်လွှာ တစ်စောင်ကိုဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၄-၇ -၂၀၀၇ နေ့နှင့် ၁၅-၇ -၂၀၀၇ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၁၂ -၇ -၂၀၀၇ နေ့မှ စ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇ - ၄၀၉၀၅၂) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော csstb.imis.com.mm နှင့် www.csstb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

Civil Service Selection and Training Board

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၆ / ၂၀၀၇
၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၀၇ ခုနှစ်၊ မေ လ ၂၁ ရက်)

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက်လျှောက်လွှာများ အလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
လက်ထောက်အင်ဂျင်နီယာ	အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့(သို့မဟုတ်) သုတနည်းပညာအင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) မဟာသိပ္ပံဘွဲ့ (အင်ဂျင်နီယာရူပဗေဒ)	၂၀ နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၄-၆-၂၀၀၇ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၁၄ - ၆ - ၂၀၀၇ နေ့ အရောက် ပေးပို့ရမည်။ လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင် ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမြန်ချောပို့ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့် ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀၀ိ/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက် များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆ - ၁ -၂၀၀၇ ရက်စွဲပါ စာအမှတ်၊ ၁၅၅/ရွေးချယ်ရေး(အဓိက)/၂၀၀၇ ဖြင့် ထုတ်ပြန်ထားသော ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက် (ပြင်ဆင်ချက်)စာစောင်ပါ သတ်မှတ်ချက် များနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်** တွင် ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်း လျှောက်လွှာတစ်စောင်ကို မိမိ တာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၁၄ -၆ - ၂၀၀၇ နေ့ အရောက်ပေးပို့ရမည်။ လျှောက်လွှာ တစ်စောင်ကိုဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၄ -၇ -၂၀၀၇ နေ့နှင့် ၁၅ -၇ -၂၀၀၇ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၁၂ -၇ -၂၀၀၇ နေ့မှ စ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇ - ၄၀၉၀၅၂) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော csstb.imis.com.mm နှင့် www.csstb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

အမည်ပြောင်း

အထက(၆)ရွှေပေါက်ကံအင်္ဂမတန်း အောင်မှ အဖဦးလှိုင်မြင့်၏ သမီး မမေသူကျော်အား ယနေ့စ၍ မအေးသက်မွန်ဟု ပြောင်းလဲခေါ်ပါရန်။
မအေးသက်မွန်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ဝမ်းဘော်ဒပ်ရွာနေ ကျွန်တော်၏သမီး မတင်နွဲ့ ၇/ပခန (နိုင်) ၁၂၆၈၇၅သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည် မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဖခင် ဦးသိန်းအောင်
၇/ပခန(နိုင်)၁၂၅၇၁၀။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးစံရွှေ ၁၂/ဗဟန(နိုင်) ၀၃၄၄၅၆၊ ဒေါ်တင်ဝင်း ၁၂/ဗဟန(နိုင်) ၀၃၃၅၂၁ တို့၏သား မောင်ဘိုဘိုဟန် ၁၂/ဥကတ (နိုင်) ၁၃၉၉၁၆ အား ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။
ဦးစံရွှေ-ဒေါ်တင်ဝင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၁၆၄၆၈ Yinxiangဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအာလူး မှတ်ပုံတင်အမှတ် ၁၀/မဒန (နိုင်) ၀၅၃၈၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့။**

အမည်ပြောင်း

ဟိုပုံးမြို့ အထက်တန်းကျောင်း နဝမတန်းအောင်မှ ဦးမင်းဇော်-ဒေါ်နွဲ့ တို့၏ သားဖြစ်သူ မောင်မျိုးမင်းထက်အား ယနေ့မှစ၍ မောင်မျိုးမင်းထိုက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးမင်းထိုက်။**

သင့်သွေးဖြင့် အသက်ကယ်ပါ

တစ်မိုးနှစ်သီးစပါးစုပေါင်းစိုက်ပျိုး

ပန်းတနော် မေ ၁၉

ပန်းတနော်မြို့နယ် ကျုံတုံးကလေး ကျေးရွာအုပ်စု တောင်သူ ဦးအေးသိန်း၏ လယ်မြေနှစ်ဧကတွင် တစ်မိုးနှစ်သီး (ပထမ)စပါးကို မေ ၁၅ရက်က စုပေါင်းစိုက်ပျိုးကြသည်။

ယင်း စပါးစိုက်ပျိုးပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးနှင့်အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှသိန်းနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးတိုးမြှင့်အဖွဲ့ဝင်များ၊ ကျုံတုံးကလေးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။
(အပေါ်ပုံ)

ပန်းတနော် မြို့နယ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးလျာထားချက် ၈၈၀၃၁ ဧကကို အောင်မြင်အောင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။
(၃၂၇)

လူမှုဝန်ထမ်း ၁၂ ဌာနသို့ အလှူငွေပေးအပ်ပွဲ မန္တလေး၌ကျင်းပ

မန္တလေး မေ ၁၅

မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များ ကထိန်တော်အသင်းကြီးက လူမှုဝန်ထမ်း (၁၂)ဌာနသို့ (၁၉) ကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို မေ၈ရက် နံနက်၉နာရီက အသင်းတိုက်၌ ကျင်းပသည်။

ငွေလှူဒါန်းပွဲသို့ တိုင်းလူမှုဝန်ထမ်း ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး အမှူးပြုသော လူမှု ဝန်ထမ်း (၁၂)ဌာနမှ သင်တန်းကျောင်းများ၊ ပရဟိတဂေဟာများ၊ ဘိုးဘွား ရိပ်သာများစသည်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် လှူဒါန်းပွဲ သဘာပတိအသင်းဥက္ကဋ္ဌ အရီးတောင်း ဦးကျော်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး အသင်းကြီး၏ နာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များက အသင်းသားများကိုယ်စား လှူဒါန်းငွေကျပ် နှစ်ဆယ့်ခုနစ်သိန်းလေးသောင်းရှစ်ထောင်ကို ပေးအပ်လှူဒါန်းရာ တက်ရောက်လာကြသော လူမှုဝန်ထမ်း(၁၂) ဌာနမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အောက်ပုံ)** **(၃၁၃)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လဆန်း ၁၀ ရက်
၂၅-၅-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ဒိုက်ဦးမြို့နယ် ပန္ဒတ်ကျေးရွာမှ ဧက၁၀၀၀စိုက်ပျိုးအောင်မြင်မှုများ)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် မန်ကျည်းဖျော်ရည်)
၁၂း၃၀ ဓာတ်လမ်းပမာ နားဆင်စရာ (အသိနှင့်ယှဉ်၍)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) ကျောင်းသွားဖော် (ကိုမြင့်လွင်)
(၂) မိုးရိပ်ညှို့သည်(တက္ကသိုလ်နီနီမာ)
(၃) တိမ်တမာန် (စန္ဒရားလှထွတ်)
၁၇း၃၀ အဘိုးအဘွားအလေးထား (ရေတာရှည်မြို့နယ်မြို့လှမြို့မှ ဘိုးသက်ရှည် အဘိုးဦးမဲနှင့် ဆွေးနွေးခန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဓာတ်လမ်း (အကြိုက်ညီသမို့)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ဆေးပညာအတွက် ခေတ်မီ ရိုးရာဆေးဝါးကုထုံးများ- ပထမပိုင်း-မောင်ဆုရှင်)
၁၉း၁၅ မြန်မာ-ကိုရီးယားရုပ်ရှင် နှီးနှောဖလှယ်ပွဲအစီအစဉ်
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) စကားဝါပန်း (ငွေငွေမြင့်)
(၂) အချစ်ကို ဘယ်လိုပြောရမယ် (မောင်မောင်ကြီး)
(၃) မိုးဒေဝါ (အေဝမ်းတင်တင်လှ)

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၄၃/၂၀၀၆

မန်နေဂျာ **နှင့်** ဦးအောင်ကျော်ညွန့် ပါ(၂)
မြန်မာ့စီးပွားရေးဘဏ် အမှတ်(၁)ရပ်ကွက်၊
သာစည်မြို့။ သာစည်မြို့။
တရားနိုင် **တရားရှုံး**

၁၉၉၉ ခုနှစ် တရားမကြီးမှုအမှတ် ၃၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇွန်လ ၂၆ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့ အမှတ်(၁)သာယာအေးရပ်ကွက်ရှိ အကွက်(၃/ဂ)၊ ဦးပိုင်(၉၄) မြေကွက် အမှတ်(၁၄၄)၊ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇ x ၂၀)ပေ တစ်ထပ်တိုက်နှင့် သာစည်မြို့ အမှတ်(၁)သာယာအေးရပ်ကွက် အကွက်(၄/က)အမှတ်(၁)တိုးချဲ့၊ ဦးပိုင်(၉) မြေကွက်(၉)၊ ဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၄ x ၂၄)ပေ ရက်ကန်းစက်ရုံအဆောက်အအုံ၊ စက်ကိရိယာပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေးကျပ် သိန်း ၆၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၄၄/၂၀၀၆

မန်နေဂျာ **နှင့်** ဦးမြင့်အောင် ပါ(၂)
မြန်မာ့စီးပွားရေးဘဏ် အမှတ်(၃)ရပ်ကွက်၊
သာစည်မြို့။ သာစည်မြို့။
တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၈၅ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇွန်လ ၂၆ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့ အမှတ်(၃)ရပ်ကွက် ကွင်း(၁၄/ခ)ဘူတာရပ်၊ ဦးပိုင်(၄၂/ထ)၊ မြေကွက် (၁၄၅/၂၅၈)၊ဧရိယာ ၀ ဒသမ ၀၅၀ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇ x ၂၄)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လူနေတစ်ထပ်တိုက်၊တွဲလျက် (၉ x ၂၇)ပေသွပ်မိုး၊အုတ်ကာ၊ကွန်ကရစ်ခင်းစက်ရုံ၊(၆ x ၆ x ၆)ပေ အုတ်ဝင်းထရံ၊ အုတ်ရေကန်နှင့် စက်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေးကျပ် ၅၈သိန်း

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

HTA Htaik Tan Aung

'ရွှေ'ပညာသင်တန်း

၁။ရွှေဆိုင်ဖွင့်လိုသူများအတွက် အထူးသင်တန်းဖြစ်သည်။ (၁)လသင်တန်း မှုးရာသီအတွက် (၁–၆–၂၀၀၇) နေ့ စမည်။
၂။သင်ကြားမည့် ဘာသာရပ်များ။
◆ရွှေ အတု အစစ် ခွဲနည်း ◆အပေါင်ခံနည်း ◆Marketing
◆ရွှေမှတ်ကျောက်ရည်ခွဲနည်း ◆ရွှေထည်ကျောက်ထည်ရောင်းနည်း/◆ ဝယ်နည်း။
◆ကွန်ပျူတာ ရွှေရည်တိုင်းစက်ဖြင့် ရွှေရည်စစ်နည်း ◆ရွှေရည်စပ်နည်း။
◆ရွှေအခေါက်အဖြစ် သန့်စင်နည်း (သို့) ရွှေချွတ်နည်း ◆ရွှေစစ်ဆေးနည်း။
◆လက်ဝတ်ရတနာ ဈေးနှုန်း တွက်ချက်နည်း ◆အော်ဒါထည် လက်ခံနည်း။
◆ပလက်တီနမ်အတုအစစ်ခွဲနည်း◆ရွှေဒင်္ဂါးအတုအစစ်ခွဲနည်း ◆ပန်းထိမ်အပ်နည်း။
◆ဒီဂျစ်တယ်ချိန်စက် အမျိုးမျိုးဖြင့် ရွှေ စိန်၊ ကျောက်ချိန်နည်း။
၃။ရွှေဆိုင်ဖွင့်နိုင်အောင် ကူညီပေးပါမည်။
၄။ နောက်ဆုံးပေါ် ဒီဇိုင်းမျိုးစုံ ပန်းထိမ်နှုန်းထားအတိုင်း ပြုလုပ်ပေးပါသည်။

15% OFF

ထိုက်တန်အောင် ရတနာရွှေဆိုင်
အမှတ်(၁၀)(မျက်နှာစာတန်း)၊ ကျောက်မြောင်းဈေး၊ ကျိုက္ကဆံလမ်း၊ တာမွေ။ Tel:546800 Ext: 310, 09-515 8813

ဦးကျော်မင်း(ဘ)ဦးစိုးမြင့်၊ ဒေါ်မေရီခင်(ဘ)ဦးကျော်မင်း၊ ဦးမောင်မောင်လေး၊ ဦးသိန်းဇော်ညွန့်၊ ဦးတင်မောင်ကြီးနှင့် အများသိစေရန်
ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

၂၆–၄–၂၀၀၇ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၂)နှင့် ၂၈–၄–၂၀၀၇ရက် နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)ပါ စင်ထရယ်(လ်)မယ်ဒီကယ်(လ်) ဆားဗစ်စစ်ကုမ္ပဏီလီမိတက်(အကယ်ဒမီအထူးကုဆေးခန်း)၏ လက်ရှိအုပ်ချုပ်လျက်ရှိသော ဒါရိုက်တာအဖွဲ့ဟူသော စကားရပ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းသတိပေး ကြေညာလိုက်ပါသည်။

(၁) စင်ထရယ်(လ်)မယ်ဒီကယ်(လ်)ဆားဗစ်စစ်ကုမ္ပဏီလီမိတက်၏ **လက်ရှိတရားဝင် ဒါရိုက်တာ အဖွဲ့ရပ်တည်မှုနှင့် ပတ်သက်၍** ရန်ကုန်တိုင်း တရားမကြီးမှု ၆၇/၀၇ဖြင့် ရန်ကုန်တိုင်း တွဲဖက်(၁၃)**တရားရုံးတော်မှ စုံစမ်းစစ်ဆေးဆဲ** ဖြစ်ပါသည်။

(၂) **ကုမ္ပဏီ၏ ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို သတ်မှတ်ကာလ အတောအတွင်း ဥပဒေနှင့်အညီ ကျင်းပပြုလုပ်ပြီးဖြစ်သည်။ ယင်းအစည်းအဝေး ကျင်းပခြင်းအတွက် ဦးကျော်မင်း(ဘ)ဦးစိုးမြင့်နှင့် ဦးမောင်မောင်လေးတို့မှ ရန်ကုန်တိုင်း တွဲဖက်(၈)တရားရုံးတော်သို့ တရားမအထွေထွေမှုအမှတ် ၁၇၆/၀၄တွင် ဥပဒေနှင့်အညီ အရေးယူပေးပါရန် လျှောက်ထားချက်ကို ရန်ကုန်တိုင်းတွဲ(၈) တရားသူကြီးမှ ပလပ်ခဲ့ပါသည်။**

ယင်းအမိန့်ကို ဦးကျော်မင်း(ဘ)ဦးစိုးမြင့်နှင့် ဦးမောင်မောင်လေးတို့မှ တရားရုံးချုပ်သို့ ပြင်ဆင်မှုတက်ရောက်ခဲ့ခြင်းမရှိ၍ ၎င်းအမိန့်မှာ ယနေ့တိုင် အတည်ဖြစ်နေပါသည်။

ထိုအစည်းအဝေးမှ ဒေါက်တာထင်ပေါ်၊ ဦးသိန်းထွန်း၊ ဒေါ်ရီရီငွေတို့အား ဒါရိုက်တာများအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

ဦးကျော်မင်း(ဘ)ဦးစိုးမြင့်၊ ဦးမောင်မောင်လေးတို့မှ အဆိုပါ အစည်းအဝေး ကျင်းပခြင်းအတွက် ဒါရိုက်တာအဖွဲ့ ဦးထင်ပေါ်၊ ဦးသိန်းထွန်း၊ ဒေါ်ရီရီငွေတို့အပေါ်တရားရုံး မထီမဲ့မြင်မှုဖြင့် တရားရုံးချုပ်သို့ တရားမအထွေထွေအမှုအမှတ် ၃၁/၀၅ဖြင့် တရားစွဲဆိုခဲ့ရာ ၎င်းတို့၏ စွဲဆိုမှုကို ပလပ်ခဲ့ပါသည်။

(၃) ကုမ္ပဏီ၏ ၂၀၀၅–၂၀၀၆ခုနှစ်အတွက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို သတ်မှတ်ကာလအတွင်း ဥပဒေနှင့်အညီ ကျင်းပပြီး ဒေါက်တာထင်ပေါ်၊ ဦးသိန်းထွန်းနှင့် ဒေါ်ရီရီငွေတို့ကို ထပ်မံရွေးချယ်တင်မြှောက်ခဲ့ပါသည်။

အထက်ပါ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးများ ကျင်းပပြီးနောက် သတ်မှတ်ကာလအတွင်း ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ ပုံစံ(င)ကို မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။ ကုမ္ပဏီမှတ်ပုံတင်ရုံးမှ လက်ရှိဒါရိုက်တာအဖွဲ့ကို တရားမဝင်ကြောင်း ယနေ့တိုင် တစ်စုံတစ်ရာအကြောင်း ပြန်ကြားခဲ့ခြင်း မရှိပါ။

(၄) မြန်မာ့အလင်းသတင်းစာ ဖော်ပြချက် အပိုဒ်(၄)နှင့် ကြေးမုံသတင်းစာအပိုဒ်(၂)ပါ ကုမ္ပဏီပိုင် ငွေကြေးပစ္စည်း၊ ဝင်ငွေနှင့်စာရင်းဇယားများကို လွှဲပြောင်းပေးအပ်ခြင်းမပြုဘဲ မတရားလက်ဝယ်ထားခြင်းဟု စွပ်စွဲချက်မှာ မှန်ကန်မှု မရှိပါ။

ဖြစ်ရပ်မှန်မှာ လျှောက်ထားသူ **အစုရှယ်ယာ ၃ဒသမ၁ရာခိုင်နှုန်းသာ ပိုင်ဆိုင်သော ဒေါ်မေရီခင်မှ** ရန်ကုန်တိုင်း တွဲဖက်(၁၃) တရားမအထွေထွေအမှုအမှတ် ၃၁၅/၀၆တွင် လျှောက်ထားခံရသူ ဦးထင်ပေါ်ပါ (၅)ဦးတို့သည် ကုမ္ပဏီပိုင် ငွေကြေးပစ္စည်း၊ ဝင်ငွေနှင့်စာရင်းဇယားများကို မတရား လက်ဝယ်ထားရှိခြင်းမှ ရပ်စဲရန် ယာယီတားဝရမ်း လျှောက်ထားခဲ့သော်လည်း ရန်ကုန်တိုင်း တွဲဖက်(၁၃) တရားရုံးတော်မှ ၃–၄–၂၀၀၇ ရက်စွဲဖြင့် လျှောက်ထားခံရသူ ဦးထင်ပေါ်၊ ဒေါ်ရီရီငွေ၊ ဦးကျော်သန်းနှင့် ဒေါ်အေးအေးမြင့်တို့အပေါ် ရန်ကုန်တိုင်း အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၃၃၅)ရှိ Central Medical Services Co.,Ltd ပိုင် ငွေကြေးပစ္စည်း၊ ဝင်ငွေနှင့် စာရင်းဇယားများကို **အခြားသူများထံသို့** အမှုအတောအတွင်း လွှဲပြောင်းခြင်း၊ အလွဲသုံးစားပြုခြင်း၊ ရောင်းချခြင်းမပြုရန် အမိန့်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

(၅) ကုမ္ပဏီလုပ်ငန်းကို လက်ရှိဆောင်ရွက်နေသူတို့က ၎င်းအမိန့်ကို နာခံလျက် ကုမ္ပဏီလုပ်ငန်းများကို အထူးကုဆရာဝန်ကြီးများ၊ ဝန်ထမ်းများနှင့်အတူ ဆက်လက်တိုးတက်အောင် ဆောင်ရွက်လျက်ရှိနေသည်ကို ဦးကျော်မင်း(ဘ)ဦးစိုးမြင့်၊ ဒေါ်မေရီခင်၊ ဦးမောင်မောင်လေးတို့ကသာ မည်သည့်တရားရုံး၏ အမိန့်တစ်စုံတစ်ရာမပါရှိဘဲ မိမိတို့ဘာသာ တရားဝင်ဒါရိုက်တာအဖွဲ့ဟုဆိုကာ ဆေးခန်းကြီးအတွင်းသို့ အမည်မသိအပြင်လူ အများအပြား ခေါ်ဆောင်ကာ အကြမ်းကြမ်းဝင်ရောက်ဟန့်တားနှောက်ယှက်ခြိမ်းခြောက်ဖျက်ဆီးခြင်းတို့ကြောင့် အလုံမြို့နယ် တရားရုံးတော်၌ ပြစ်မှုကြီးအမှတ် ၃၃၆/၀၆ဖြင့် ဦးကျော်မင်း(ဘ)ဦးစိုးမြင့်အား တရားစွဲဆိုထားကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

လက်ရှိတာဝန်ယူအုပ်ချုပ်နေသူ–ဒေါက်တာထင်ပေါ်၊ ဒေါ်ရီရီငွေ၊ ဦးသိန်းထွန်းတို့၏ ညွှန်ကြားချက်အရ–

ဒေါ်လုလုဝေ
တရားရုံးချုပ်ရှေ့နေ(စဉ်–၄၆၄၆)
အမှတ်–၅၅၊ တတိယထပ်၊ အခန်း–၂၈(အေ)
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်

ကျွန်ုပ်၏ အမှုသည်ဖြစ်သော ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကြံ့ခိုင်ရေးလမ်း အမှတ် ၄၇၁နေ မှတ်ပုံတင်အမှတ် ၆/မအရ(ဧည့်)၀၀၀၀၁၂ ကိုင်ဆောင်သူ(ဘ)ဦးပီ၏သား ဦးလှိုင်ယု၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးလှိုင်ယုနှင့် ဒေါ်သန်းမူ ၆/မအရ(နိုင်)၀၅၆၉၅၈(ဘ)ဦးစင်းဟိုတို့သည် လွန်ခဲ့သောတစ်နှစ်ကျော် ၂၀၀၆ ခုနှစ်ကတည်းက လင်မယားနှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ဖြစ်ပါသဖြင့် ဒေါ်သန်းမူနှင့် ပတ်သက်သော ကိစ္စအဝဝတို့သည် ကျွန်ုပ်၏အမှုသည် ဦးလှိုင်ယုနှင့် မည်သို့မျှပတ်သက်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– **ဦးအောင်စိုး(LL.B)**
တရားရုံးချုပ်ရှေ့နေ ၅၁၈၂၊
ဦးလှိုင်ယု အကျိုးဆောင်ရှေ့နေ
အမှတ် ၄၁၊ ဗိုလ်ချုပ်လမ်း၊ အောင်သုခရပ်ကွက်၊
ကော့သောင်းမြို့။

ဦးခင်ဇော် ၁၂/ဥကတ(နိုင်)၀၃၄၅၄၄
အမှတ် ၅၈၈၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်နေသူနှင့်
အများသိစေရန်

ဦးခင်ဇော်နှင့် ကျွန်မ ဒေါ်အေးမိမိ ၁၂/ရကန(နိုင်)၀၁၁၂၅၅ တို့သည် ၁၉၉၇ ခုနှစ်၌ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားနှစ်ဦး ထွန်းကားခဲ့ပါသည်။

ဦးခင်ဇော်သည် ၂၀၀၄ ခုနှစ်မှစ၍ ကျွန်မတို့မိသားစုအား ရှာဖွေကျွေးမွေး ထောက်ပံ့ခြင်း မရှိသည့်အပြင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် အမြဲတမ်းပြုမူဆောင်ရွက်နေပါသည်။

သို့ပါ၍ ကျွန်မအနေဖြင့် ဦးခင်ဇော်နှင့်အတူတကွ နေထိုင်ခြင်းမရှိသည့်အပြင် ပြန်လည်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် လုံးဝပတ်သက် သက်ဆိုင်ခြင်း မရှိကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း ကျွန်မနှင့်သက်ဆိုင်ခြင်း မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်မနှင့်ကျွန်မမိသားစုအား နှောင့်ယှက်ခြင်း မပြုပါရန်နှင့် လိုက်နာခြင်းမပြုပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လွှဲအပ်ချက်အရ– **ဦးမြသွင် (စဉ်–၇၇၄၆)**
အထက်တန်းရှေ့နေ။

ဦးတင်မောင်မြင့်နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဗြဟ္မစိုရ်လမ်း အမှတ် ၈၉၈ မြေနှင့် အိမ်သည် ကွယ်လွန်သူ မိဘများဖြစ်သော ဦးသိန်းမောင်နှင့် ဒေါ်သိန်းတို့၏အမည်ဖြင့် ဝယ်ယူထားသော စာချုပ်မဟုတ်ပါ။ ၆–၅–၁၉၈၈ ရက်စွဲပါစာချုပ်သည် ဒေါ်သောင်းစိန် (ဒီဂျီ–၀၀၄၂၇၄)၊ ဦးတင်အောင် (အေစီ–၀၄၂၀၀၆)နှင့် ဦးတင်မောင်မြင့်(ဒီဂျီ–၀၀၄၁၄၄)တို့မှ ရေးထိုးခိုင်း၍သာ ရေးထိုးပေးခဲ့ရပြီး ၎င်းတို့သုံးဦးမှ ဒေါ်တင်တင်မြ(ဒီဂျီ–၀၀၄၂၆၉)၏ မျက်ကွယ်တွင် ဖန်တီးပြုလုပ်ထားသော စာချုပ်ဖြစ်သည့်အတွက် ပျက်ပြယ်သောစာချုပ်သာ ဖြစ်ကြောင်းနှင့် ဦးတင်မောင်မြင့်လက်ဝယ်တွင်ရှိ ၃၁–၅–၁၉၆၀ ရက်စွဲပါ ဦးစံမြင့်ထံမှ ဒေါ်တင်တင်မြနှင့် ကွယ်လွန်သူ ဦးခင်မောင်တင့်တို့ဝယ်ယူထားသည့် စာချုပ်အား ဒေါ်တင်တင်မြထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ခုနစ်ရက်အတွင်း မပျက်မကွက် ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။ လိုက်နာဆောင်ရွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ဥမ္မာဆွေ	**ဦးတင့်ဆန်း**	**ဦးဉာဏ်စိန်**
LL.B, DML, DIL	**B.Sc (R.L)**	**LL.B**
အထက်တန်းရှေ့နေ(စဉ်–၂၃၀၁၄)	**တရားရုံးချုပ်ရှေ့နေ**	**အထက်တန်းရှေ့နေ**
အမှတ် ၁၀၉၊ ၆ လွှာ၊ ၂၇ လမ်း	**(စဉ်–၅၄၆၆)**	**(စဉ်–၂၁၃၁၉)**
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။		

ဖခင်အမည်မှန် တာချီလိတ်မြို့ အထက သတ္တမတန်း(ဂ)မှ မကေခိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ဆမ်ဖြစ်ပါကြောင်း။

ဝမ်းနည်းကြေကွဲခြင်း
ဦးညွန့်လွင်
စက်မှုကြွေ/မြေ (ငြိမ်း)
အသက် (၇၃)နှစ်

ဦးမြတ်ထွန်းမင်းညို–ဒေါ်စိုးစိုးလွင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မခင်ချမ်းမြေ့ညို၏ ဘိုးဘိုးကြီးဦးညွန့်လွင်သည် ၁၉–၅–၂၀၀၇ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် စိုးစိုးမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မီ၊ ခိုင်၊ ထွေး၊ ဖြူ၊ နွယ်၊ ဝါ။**

အမည်ပြောင်း

မိုးကောက်မြို့နယ် မန်နောင် အထကခွဲ သတ္တမတန်းမှ အဖ ဦးသိန်းဟန်၏ သား မောင်စိုင်းသိန်းထွေးဦးအား မောင်စိုင်းအောင်ခန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်စိုင်းအောင်ခန့်ကျော်။

အမည်ပြောင်း

မြစ်ကြီးနားမြို့ နည်းပညာတက္ကသိုလ် (BE.EP. ခုံNo.13)မှ ဦးလီကျင်ယို–ဒေါ်သေးသေးတို့၏သား မောင်ကျော်သူလင်း ၁/မညန(ဧည့်)၀၀၀၅၅၃ အား မောင်ကျော်သူဟု ပြောင်းလဲခေါ်ပါရန်။
မောင်ကျော်သူ ၁/မညန(ဧည့်)၀၀၀၅၅၃။

အမည်ပြောင်း

မြစ်ကြီးနားမြို့ အထက(၁) နဝမတန်း(E7)မှ အဖဦးငြိမ်းအောင်၏သား မောင်ထက်ထက်အောင်အား မောင်မိုးထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မိုးထက်အောင်။**

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၆၅၇၈ ယာမဟာ DT-125 R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးလွင် မှတ်ပုံတင်အမှတ် ၁/ရကန(နိုင်)၀၁၄၉၅၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။**

ဝမ်းနည်းကြေကွဲခြင်း
ဦးစိုးညွန့်
ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း)
အသက်(၆၂)နှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးစိုးညွန့်သည် ၂၀–၅–၂၀၀၇ ရက် နံနက် ၇း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အင်ဂျင်နီယာမှူးကြီးနှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမိသားစု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။**

ကျောက်များစုဆောင်း

၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ရန်ကုန်တိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၁)တိုက်ကြီးမြို့နယ်အပိုင်း ကတ္တရာခင်းခြင်း လုပ်ငန်းမဆောင်ရွက်မီ ကျောက်များစုဆောင်းထားမှုကို မေ ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မေ ၅ ရက်က မကွေးမြို့ ရွာသစ်ကြီးကျေးရွာ စက်ရေတွင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်မှု စစ်ဆေး ဆောက်လုပ်ရမည့်တံတားလုပ်ငန်းများ အမြန်ညှိနှိုင်းပြီး တစ်ပြိုင်တည်းစီစဉ်ဆောင်ရွက်သွားရန် မှာကြား

နေပြည်တော် မေ ၂၃

မကွေးတိုင်း မကွေးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မကွေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

တံတားသစ်နှင့် တံတားဟောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်မြို့နှင့် မြန်မာနိုင်ငံ ကျူကုတ်(ပန်ဆိုင်း)မြို့တို့ ဆက်သွယ်ထားသော တရုတ်-မြန်မာ ချစ်ကြည်ရေး ကျူကုတ်-ဝမ်တိန်တံတားသစ်နှင့် တံတားဟောင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရွှေလီရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မှုလုပ်ငန်း ၅၃ ရာခိုင်နှုန်းကျော် ပြီးစီးနေ သတ်မှတ်ချိန်ထက်စောပြီး လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရေး ပေါင်းစပ်ဆောင်ရွက်

နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မေ ၂၀ ရက် နံနက် ၈ နာရီတွင် မူဆယ်မြို့ ရွှေလီရတနာရိပ်သာ၌ နမ့်ခမ်းမြို့နယ်အနီး တည်ဆောက်လျက်ရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေးစီမံကိန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ရှေ့ကလဲမသွား၊ နောက်ကလဲမလိုက် ဘေးကနေကန့်လန့်လိုက်နေတဲ့ လွယ်အိတ်နှင့်တူသော ကဖျက်ယဖျက်သမား လူနည်းစုကို လူတိုင်းက ရှောင်ကြဉ်သင့်တဲ့ အချိန်ရောက်ပါပြီ။ လွန်ခဲ့သော နှစ်များကစပြီး နိုင်ငံကြီးတစ်နိုင်ငံရဲ့ ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် နိုင်ငံမှာ အထည်ချုပ်စက်ရုံကြီးတွေ မလည်ပတ်နိုင်တော့ သာမန်အလုပ်သမား၊ အလုပ်သမတွေ အလုပ်လက်မဲ့ဖြစ်ပြီး ဒုက္ခရောက်ကြရ။

ဆရာဖုန်း၏ သူတို့တာဝန်ကျေကြသည် ဆောင်းပါး (စာ - ၄)

လေဖိအားနည်းရပ်ဝန်း အားပျော့

နေပြည်တော် မေ ၂၃

ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)